မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်၊ ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီ ၇ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၅)၊ အမှတ် (၁၃၀)

ပြည်ထောင်စုသွေး ပြည်ထောင်စုစိတ်ဓာတ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုးများ မှီတင်းနေထိုင်လျက်ရှိကြရာ “အသီးတစ်ရာ အညှာတစ်ခု”ဆိုသည့်အတိုင်း ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ ဘာသာစကားနှင့် လူမှုရေးစနစ်များအရ အသွင်သဏ္ဌာန်ကွဲပြားသယောင်ရှိစေကာမူ အနှစ်သာရအားဖြင့် ပြည်ထောင်စုသွေး၊ ပြည်ထောင်စုစိတ်ဓာတ်မှာ အခြေပြုထားသည်ဖြစ်၍ အညှာတစ်ခုတည်းမှ ပေါက်ဖွားသီးပွင့်နေကြသော သွေးရင်းသားချင်းများ ဖြစ်ကြပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၄၆)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာမှ-

အမျိုးသားပညာရည်မြင့်မားရေး ရည်မှန်းချက်များ အောင်မြင်ပြီးမြောက်စေရန် ကြိုးပမ်းဆောင်ရွက် အမျိုးသားရေးစိတ်ဓာတ် ထက်သန်စွာဖြင့် ကျရာအခန်းကဏ္ဍမှ ပူးပေါင်းပါဝင်ထမ်းဆောင်

ရန်ကုန် ဖေဖော်ဝါရီ ၆

ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော အခြေခံပညာဆရာဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၂၄) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားပြီး ထူးချွန်သူများကို ချီးမြှင့်သည်။

တက်ရောက်

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ *စာမျက်နှာ ၈ ကော်လံ ၁* ■

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် သင်တန်းသားဖွဲ့လှိုင်ဆုရ မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ် နတ်မြောင်းရွာ အခြေခံပညာမူလတန်းကျောင်းမှ မူလတန်းကျောင်းအုပ် ဦးသက်ထွန်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း (၅၉)နှစ်မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို

- ❑ နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံ ကဏ္ဍစုံက အကောင်အထည်ဖော် ကြိုးပမ်းလျက်ရှိသည့်အချိန်တွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေဖြင့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးနှင့် အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးတို့အတွက် နိုင်ငံတော်အစိုးရ၏ မူဝါဒလမ်းစဉ်များနှင့်အညီ တစ်စိတ်တည်းတစ်ဝမ်းတည်း စည်းလုံးညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်။

ခေါင်းကြီး (စာ-၂)

- ❑ ပြည်ထောင်စုစိတ်ဓာတ်

မြင်းမူမောင်နိုင်မိုး၏ ကဗျာ (စာ-၆)

- ❑ ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကို မောင်နှမအားလုံးတို့သည် နှစ်ပရိစ္ဆေဒကြာမြင့်စွာ ရင်းနှီးချစ်ကြည်ပေါင်းစည်းယှက်နွယ် နေထိုင်လာခဲ့ကြသည့် အစဉ်အလာကောင်းများနှင့်အညီ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ တင့်တယ်ဝင့်ထည်စွာရပ်တည်နိုင်စေရေးအတွက် ပြည်ထောင်စု၏သွေး၊ ပြည်ထောင်စု၏အမွေ၊ ပြည်ထောင်စုစိတ်ဓာတ်နှင့်ပြည်ထောင်စု၏ အနှစ်သာရများကို လက်ဆင့်ကမ်းသယ်ဆောင် ထိန်းသိမ်း။

ကြည်ဝင်းသွင်နှ၏ ပြည်ထောင်စု၏အလှ ပြည်ထောင်စု၏အနှစ်သာရ ဆောင်းပါး (စာ ၆-၇)

နိုင်ငံတော်ပွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

7-2 (01).p65 1 3/26/1905, 9:24 PM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်)

ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေး တစ်စိတ်တည်းတစ်ဝမ်းတည်း ကြိုးပမ်းဆောင်ရွက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ပြည်ထောင်စုဖွား တိုင်းရင်းသားများဖြင့် ဖွဲ့စည်းနေထိုင်လျက်ရှိသော နိုင်ငံဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက ပြည်ထောင်စုအတွင်းရှိ ပြည်နယ်နှင့်တိုင်းအားလုံး မျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားလူမျိုးများအားလုံး လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးတို့အတွက် စနစ်တကျစီမံ ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အတွက် လိုအပ်သည့်အခြေခံအဆောက်အအုံများ ပြည့်စုံစေရန် ဒေသစုံ၊ ဘက်စုံ၊ ကဏ္ဍစုံတွင် ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ အထူးဖွံ့ဖြိုးရေး ဒေသကြီး(၂၄)ခု စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် စီမံကိန်းတို့ကို ချမှတ်အကောင်အထည်ဖော်နေသကဲ့သို့ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

စိုက်ပျိုးရေးကဏ္ဍတွင် စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်းတာတမံ ၁၈၂ခု၊ ကျေးလက်ဆည်ပေါင်း ၇၇၁ခု၊ မြစ်ရေတင်စီမံကိန်း ၂၉၃ခုကို အသစ်တည်ဆောက်ပေးပြီးဖြစ်သည်။ စိုက်ပျိုးရေရရှိခြင်း၊ စိုက်ပျိုးမြေ တိုးချဲ့ဖော်ထုတ်ခြင်း၊ မျိုးကောင်းမျိုးသန့်နှင့် စိုက်ပျိုးနည်းပညာပိုင်း မြင့်မားလာခြင်းတို့ကြောင့် သီးနှံအထွက် သိသိသာသာ တိုးတက်လာခဲ့သည်။ သီးနှံစိုက်စွမ်းအားသည်လည်း ၁၅၂ရာခိုင်နှုန်းကျော် တိုးတက်လာခဲ့သည်။

လျှပ်စစ်စွမ်းအားကဏ္ဍတွင် ယခင်က တပ်ဆင်စက်အင်အား မဂ္ဂါဝပ် ၆၈၇သာရှိရာမှ တည်ဆောက်ဆဲ စီမံကိန်း၂၀ပြီးစီးသွားပါက မဂ္ဂါဝပ် ၅၈၆၃အထိ ရှိလာမည်ဖြစ်သောကြောင့် ပြည်သူတို့၏ လူနေမှုအဆင့်အတန်း မြင့်မားရေးကို များစွာအထောက်အကူပြုမည်ဖြစ်သည်။

ထို့အပြင် လျှပ်စစ်စွမ်းအင်ကို အသုံးပြုပြီး စက်မှုဖွံ့ဖြိုးတိုးတက်ရေးကိုလည်း တစ်ပြိုင်တည်း ဆောင်ရွက်လျက် ရှိသည်။ ၁၉၈၈ခုနှစ်က နိုင်ငံပိုင်စက်ရုံ ၆၂၄ရုံနှင့် ပုဂ္ဂလိကပိုင် စက်ရုံအလုပ်ရုံ သုံးသောင်းငါးထောင်ရှိရာမှ ယခုအခါ နိုင်ငံပိုင်စက်ရုံ ၇၈၂ရုံနှင့် ပုဂ္ဂလိကပိုင်စက်ရုံအလုပ်ရုံ ရှစ်သောင်းခန့် ရှိလာသောကြောင့် စက်ရုံလေးသောင်းငါးထောင်ကျော် တိုးတက်ထူထောင်နိုင်ခဲ့သည်။ ခေတ်မီနိုင်ငံတော် တည်ဆောက်ရေး၏ အဓိကမောင်းနှင်အား ဖြည့်တင်းပေးလိုက်နိုင်ခြင်းလည်းဖြစ်သည်။

လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးမှု၏ အဓိကလိုအပ်ချက်ဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် ကားလမ်းသစ်မိုင် သုံးသောင်းခြောက်ထောင်ငါးရာကျော် တိုးချဲ့တည်ဆောက်ခဲ့ပြီး ရထားလမ်းမိုင် တစ်ထောင့်တစ်ရာကျော် တိုးချဲ့ဖောက်လုပ်ပေးခဲ့သည်။ လမ်းဖောက်လုပ်ခြင်းနှင့်အတူ လိုအပ်သည့် မြစ်ကူးချောင်းကူးတံတားကြီး ၂၁၁စင်းကိုလည်း တည်ဆောက်ပေးခဲ့သည်။

လေယာဉ်ပြေးလမ်း ပေ ၅၀၀၀အထက် လေယာဉ်ကွင်း ၂၁ကွင်းမှ ၃၈ကွင်းအထိ တိုးတက်ဖောက်လုပ်ခဲ့ပြီး ဂျက်လေယာဉ်ဆင်းကွင်း ၂၅ကွင်း အဆင့်မြှင့်တင်ပေးနိုင်ခဲ့သောကြောင့် ပြည်သူများ လွယ်လင့်တကူ အဆင်ပြေချောမွေ့စွာ ခရီးသွားလာနိုင်ပြီဖြစ်သည်။

ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများအနေဖြင့် အခြေခံပညာကဏ္ဍတွင် အခြေခံပညာကျောင်း ၆၇၇၈ ကျောင်း အသစ်တိုးချဲ့တည်ဆောက် ဖွင့်လှစ်ပေးခဲ့၍ ယခုအခါ အခြေခံပညာကျောင်းပေါင်း ၄၀၅၂၅ကျောင်းရှိလာပြီဖြစ်သည်။ ယခင်က တက္ကသိုလ်၊ ကောလိပ် ၃၂ကျောင်းသာရှိရာမှ ယခုအခါ ၁၅၆ကျောင်း ရှိလာပြီဖြစ်သည်။

ကျန်းမာရေးကဏ္ဍအနေဖြင့် ယခင်က ဆေးရုံ ၆၃၁ရုံသာ ရှိခဲ့ရာမှ ယခုအခါ ၈၂၆ရုံ ရှိလာပြီဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံကဏ္ဍစုံက အကောင်အထည်ဖော် ကြိုးပမ်းလျက်ရှိသည့်အချိန်တွင် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးအနေဖြင့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးနှင့် အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးတို့အတွက် နိုင်ငံတော်အစိုးရ၏ မူဝါဒလမ်းစဉ်များနှင့်အညီ တစ်စိတ်တည်းတစ်ဝမ်းတည်း စည်းလုံးညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ॥

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို

ပန်းတနော်မြို့တွင် ခတ္တိယကျေးလက် ကျောက်ချောလမ်းဖွင့် ကျေးရွာချင်း အလွယ်တကူ ဆက်သွယ်သွားလာနိုင်ပြီ

ရန်ကုန် ဖေဖော်ဝါရီ ၆

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဧရာဝတီတိုင်း ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော ခတ္တိယကျေးလက် ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါလမ်းသစ်၌ ကျင်းပသည်။

ရှေးဦးစွာ ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်သန်းလွင်က လမ်းနှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်း တင်ပြပြီး ပန်းတနော်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း တွဲဖက်အတွင်းရေးမှူး ဦးမြင့်ရွှေဦးက လမ်းဖောက်လုပ်ရာတွင် အသင်းက ပူးပေါင်းကူညီဆောင်ရွက်ခဲ့မှုများနှင့် လမ်း၏အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် လမ်းသစ်ကို မအူပင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်မောင်၊ ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် မအူပင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဝင်းသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွှန့်နှင့်အဖွဲ့သည် လမ်းသစ်ကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုကြသည်။

အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့

အဆိုပါလမ်းမှာ ခတ္တိယကျေးရွာနှင့် ဝါးခယ်မ ကားလမ်း ဆက်သွယ်သည့် လမ်းဖြစ်ပြီး အရှည် ၁ မိုင် ၇ ဖာလုံနှင့် အကျယ် ၁၀ ပေရှိကာ မြေသားလမ်းကို ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် စည်ပင်သာယာရေး ဦးစီးဌာနက ထောက်ပံ့ရန်ပုံငွေကျပ် ၁၄၃သိန်း၊ အဖွဲ့ရန်ပုံငွေကျပ် ၁၅ဒသမ၇၃သိန်း စုစုပေါင်း ငွေကျပ် ၁၅၈ဒသမ၇၃သိန်းဖြင့် စတင်ဖောက်လုပ်ခဲ့သည်။ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်တွင် စည်ပင်သာယာရေးဦးစီးဌာနက ထောက်ပံ့ရန်ပုံငွေကျပ် ၁၅၉ဒသမ၅ သိန်းဖြင့် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်သည်။

အလွယ်တကူဆက်သွယ်သွားလာနိုင်

လမ်းဖောက်လုပ်ပြီးစီးမှုကြောင့် ယခင်က ရေလမ်းခရီးသာအားကိုးနေရသည့် ခနွဲကဘို၊ ခတ္တိယ၊ ပေပင်(မြောက်)ကျေးရွာအုပ်စု သုံးအုပ်စုမှ ကျေးရွာပေါင်း ၂၀၊ အိမ်ခြေ ၂၂၉၆ အိမ်၊ အိမ်ထောင်စု ၂၃၀၇ စုနှင့် လူဦးရေ ၁၀၈၃၈ဦး၊ ပဲ့ဒေါင်၊ ပေပင်(တောင်)၊ပြလင်းနှင့် ကျုံတိုင်းကလေးကျေးရွာအုပ်စု လေးအုပ်စုမှ ကျေးရွာပေါင်း ၃၃ ရွာ၊ အိမ်ခြေ ၃၉၇၈ အိမ်၊ အိမ်ထောင်စု ၃၉၇၅ စု၊ လူဦးရေ ၂၀၄၅၅ဦးတို့အတွက် ကျေးရွာချင်းအလွယ်တကူဆက်သွယ်သွားလာနိုင်ပြီး အချိန်တိုတောင်းသွားခြင်း၊ ဒေသထွက်ကုန်များကိုပန်းတနော်မြို့၊ ရွှေလောင်းမြို့နှင့် နီးစပ်ရာ ဈေးကွက်များသို့ အချိန်မီတင်ပို့ရောင်းချနိုင်ခြင်းတို့ကြောင့် ဒေသခံ တိုင်းရင်းသားများ၏ ကျန်းမာရေး၊လူမှုရေး၊ပညာရေးနှင့် စီးပွားရေး အခြေအနေများ အဆင့်မြင့် တိုးတက်လာကြောင်း သိရှိရသည်။

ညှိနှိုင်းဆောင်ရွက်ပေး

ထိုမှတစ်ဆင့် ဝန်ကြီးသည် ခတ္တိယကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဘုရားချောင်းကျေးရွာအုပ်စု၊ ပေပင်(မြောက်)အုပ်စု၊ ခတ္တိယ (အထက်) ကျေးရွာအုပ်စု၊ ခနွဲကဘိုကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေးအတွက် တင်ပြမှုများအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ခတ္တိယကျေးရွာ မူလတန်းကျောင်း ပြင်ဆင်ရန် ရန်ကုန်မြို့နေ ဒေါ်ညွန့်ညွန့်(သဇင်) မိသားစု၏ လှူဒါန်းငွေကျပ်တစ်သိန်းကို ပန်းတနော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်တင်က လက်ခံသည်။

ထို့နောက် ဝန်ကြီးက ဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်က ဆောင်ရွက် ပေးနေမှုများ၊ ဖောက်လုပ်ပြီးသော လမ်းတံတားများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရေး၊ မြို့ရွာဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၏ ခံစားရရှိမှုများအပေါ် ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို မှာကြားသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၇-၂-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၃၀ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀ ၇။ မျိုးချစ်တပ်မတော်
၅:၁၀ ၈။ ပညာခေတ်
၅:၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၄။ လျှပ်တစ်ပြက်
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နေခြည်ဖြာမှ"** (အပိုင်း-၁၀)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ ကျန်းမာသုတ
၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကောင်းကင်သိုင်းကွက်"** (အပိုင်း-၅)

တောင်ဥက္ကလာပမြို့နယ် အမှတ်(၃) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် နှစ်ပတ်လည် အစည်းအဝေးနှင့် ဘက်စုံပညာ ရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၁ရက်က ကျင်းပရာ သူငယ်တန်းမှ တတိယတန်းအထိ လေးနှစ်ဆက်တိုက် ပထမဆုရ မောင်ကောင်းစည်သူအား ကျောင်းအုပ်ဆရာကြီးဦးထန်ဆွမ်းဒါလ်က ဆုချီးမြှင့်စဉ်။ (၂၀၀)

လှူငယ်(ရေကြောင်း) ကျောင်းသားဟောင်းများ ဆရာကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၆

လှူငယ်(ရေကြောင်း) ကျောင်းသား ကျောင်းသူဟောင်းများ ၁၉၇၁–၁၉၈၈၏ ဒုတိယအကြိမ် ဆရာကန်တော့ပွဲကို ဖေဖော်ဝါရီ ၂၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် မြတ်လေးရုံကျောင်းတိုက် မြတ်လေးရုံ ကျောင်းလမ်းထိပ် ဟံသာမွန်ရိပ်မွန်အိမ်ရာ ဆင်မလိုက်သဘော်ကျင်းဘေး ကမာရွတ်မြို့နယ်တွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

အသေးစိတ်သိရှိလိုပါက ဦးဟန်ထွေးအောင် ဖုန်း–၀၉၉၉–၂၂၇၅၃၊ ဦးဉာဏ်ထွန်းအောင် ဖုန်း–၀၉၅၀၀ ၈၂၈၁၊ ဦးအောင်ချိမင်း ဖုန်း–၂၅၂၆၃၈၊ ဦးထွန်းထွန်းဦး ဖုန်း–၀၉–၈၀၂၁၉၅၉၊ ဒေါ်အိအိသန့် ဖုန်း–၅၀၅၆၃၇၊ ဦးသက်ဦး ဖုန်း–၀၉၉၉ ၇၁၃၃၂၊ ဒေါ်ကေသီဦး ဖုန်း–၀၉၅၁၀ ၄၅၀၄၊ ဒေါ်ခင်လေးဦး ဖုန်း–၃၈၈ ၃၇၅ နှင့် ဦးအောင်ကြိုင် ဖုန်း–၅၂၄၆၂၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

ဖေဖော်ဝါရီ ၆ ရက်က ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ပြခန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်း–ကျော်ဖုံး) (သတင်းစဉ်)

မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် မော်လမြိုင်တပ်နယ် ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးပွဲတွင် ကြက်ဆူမျိုးစေ့များကို ပျိုးအိတ်များအတွင်းပျိုးထောင်စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် မော်လမြိုင်တပ်နယ် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲ တက်ရောက်အားပေး

ရန်ကုန် ဖေဖော်ဝါရီ ၆

အရှေ့တောင်တိုင်းစစ်ဌာနချုပ် မော်လမြိုင်တပ်နယ် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၉ နာရီခွဲက မော်လမြိုင်တပ်နယ် ခြံစည်းရိုးကြက်ဆူစိုက်ပျိုးခြံ၌ ကျင်းပရာ အခမ်းအနားသို့ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဇော်မင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မော်လမြိုင်တပ်နယ် တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ စစ်သည် မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ကြည့်ရှုအားပေး

အခမ်းအနားတွင် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်သည် တပ်မတော်အရာရှိကြီးများနှင့်အတူ သတ်မှတ်နေရာများတွင် ခြံစည်းရိုးကြက်ဆူပင်ကို စိုက်ပျိုးပေးပြီး တပ်နယ်မှ အရာရှိစစ်သည် မိသားစုဝင်များ၏ ကြက်ဆူပျိုးပင်များ၊ ကြက်ဆူမျိုးပွားကိုင်းပင်များ တပျော်တပါး စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ကြက်ဆူမျိုးစေ့များ၊ ကြက်ဆူမျိုးကိုင်းများကို ပျိုးအိတ်အတွင်း ထည့်သွင်းစိုက်ပျိုးပေးသည်။

ထို့နောက် တိုင်းမှူးက တက်ရောက်လာကြသူများအား ကြက်ဆူပင်စိုက်ပျိုးခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းမှာကြားပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးစိန်ဝင်းက ခြံစည်းရိုးကြက်ဆူပင်၏ စိုက်ပျိုးနည်းနှင့် အကျိုးဖြစ်ထွန်းမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများသည် မျိုးစေ့များ၊ ပျိုးပင်များနှင့် မျိုးကိုင်းများကိုလည်းကောင်း၊ ကြက်ဆူကြိတ်စက်ဖြင့် ကြက်ဆူဆီထုတ်လုပ်ပုံကိုလည်းကောင်း၊ စက်မှုလယ်ယာဦးစီးဌာနမှ လယ်ယာ–၁၆ လက်တွန်းထွန်စက်ကို ကြက်ဆူဆီထည့်၍ မောင်းနှင်ပြသမှုနှင့် လယ်ထွန်စက်ကြီးများဖြင့် မြေယာထွန်ယက်ပြသမှုတို့ကို လည်းကောင်း ကြည့်ရှုအားပေးကြသည်။

ကြိုးပမ်းဆောင်ရွက်

အဆိုပါအခမ်းအနားတွင် မော်လမြိုင် တပ်နယ် တပ်ရင်း တပ်ဖွဲ့များမှ စိုက်ပျိုးမြေ ၁၅ ဧကတွင် ကြက်ဆူပျိုးပင်နှင့် မျိုးကိုင်း ၁၈၀၀၀၀ စိုက်ပျိုးခဲ့ပြီး အရှေ့တောင်တိုင်းစစ်ဌာနချုပ် တပ်ရင်းတပ်ဖွဲ့များတွင် ယခုထိ ၂၀၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်းနှင့် ၂၀၀၆ ခုနှစ်အတွင်း မွန်ပြည်နယ် ၁၀ မြို့နယ်၌ ကြက်ဆူပင်စိုက်ဧက တစ်သိန်းစိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၇–၂–၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ဘုရားကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
- ၈:၀၀ ၆။ နှောင်းခေတ်တေးပဒေသာ
- ၈:၀၅ ၇။ အကပြိုင်ပွဲ
- ၈:၁၀ ၈။ (၅၉)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၂၅ ၉။ ဓိုက်ကာရဲရေထိန်းတံခါး
- ၈:၃၀ ၁၀။ International News
- ၈:၄၅ ၁၁။ Let's Go

ညပိုင်း

- ၁၅:၀၀ ၁။ **၂၀၀၆ခုနှစ် (၅၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဗိုလ်လုပွဲ) [ရောဝတီတိုင်းအသင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်း]**
- ၁၆:၄၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၅၅ ၃။ (၅၉)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၁၇:၀၅ ၄။ ဆိုကြမယ် ပျော်ကြမယ်
- ၁၈:၀၀ ၅။ ညနေခင်းသတင်း
- ၁၈:၃၀ ၆။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၇။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"ရယ်ရွှင်ဆော့ပြေး ပုရွက်ဆိတ်လေး"** (အပိုင်း–၆၂)
- ၁၈:၅၀ ၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်လှေကားထစ်လေးများ"** (အပိုင်း–၃၇)
- ၁၉:၄၅ ၉။ **"ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရင့်သန်နိုင်မာရန်မှာ ဒို့ဝန်တာ"** (အသီးတစ်ရာ အညှာတစ်ခု ဒို့ပြည်ထောင်စု)
- ၂၀:၀၀ ၁၀။ ပြည်တွင်းသတင်း
- ၁၁။ နိုင်ငံတကာသတင်းများ
- ၁၂။ မိုးလေဝသအခြေအနေ
- ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ပျော်ရွှင်ဖွယ် နေ့ကလေးများ"** (အပိုင်း–၈)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇–၂–၂၀၀၆ (အင်္ဂါနေ့)

- ၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:၀၅ တေးဂီတအစီအစဉ်
- ၇:၁၀ ဘုရားလမ်း သုတေသနနှင့် မျိုးပွားခြံ
- ၇:၂၀ ပြည်တွင်းသတင်းအကျဉ်း
- ၇:၃၀ ဗွီစီဒီမိတ်ဆက် (ဖြူဖြူကျော်သိန်း–လုံးဝမသက်ဆိုင်တော့ပါ)
- ၇:၅၀ မြစိမ်းရောင်ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း၊ ဝက်မွေးမြူရေးလုပ်ငန်း)
- ၇:၅၅ တေးဂီတအစီအစဉ်
- ၈:၀၀ ဗိုလ်မြတ်ထွန်းတံတား
- ၈:၁၅ နိုင်ငံတကာသတင်းအကျဉ်း
- ၈:၁၀ စေ့စေ့စပ်စပ်(ဇော်ဦး၊ခိုင်နှင်းဝေ)
- ၈:၃၀ မိုးလေဝသခန့်မှန်းချက်
- ၈:၃၅ တေးဂီတအစီအစဉ်
- ၈:၄၀ အမှတ်(၁) လယ်ယာသုံးစက်ပစ္စည်းထုတ်လုပ်မှုစက်ရုံ (ဆင်တဲ)
- ၈:၅၀ တေးဂီတအစီအစဉ်
- ၈:၅၅ ပြည်တွင်းသတင်းအကျဉ်း
- ၉:၀၅ မြန်မာ–ဂျပန် ချစ်ကြည်ရေး ပန်းချီပြပွဲ
- ၉:၁၅ နိုင်ငံတကာမြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး (မင်းနဂါးနှင့်ဟိန်းညီညီ)
- ၉:၂၅ တေးဂီတအစီအစဉ်
- ၉:၃၀ Business Talk (1) (Ebook)(အပိုင်း–၂၊ ဦးမျိုးမြတ်သူ၊ ဦးဌေးဝင်း–၂၊ ဘုန်းခိုင်ဝင်း)
- ၁၀:၀၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀:၀၅ တေးဂီတအစီအစဉ်
- ၁၀:၁၀ မြန်မာ့ရင်နီးမြုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်
- ၁၀:၁၅ တေးဂီတအစီအစဉ်
- ၁၀:၂၀ သင်ပုန်းရေလှောင်တမံ
- ၁၀:၃၀ တေးဂီတအစီအစဉ်
- ၁၀:၃၅ ရိုးမတောမှကျွန်းရတနာများ
- ၁၀:၄၅ တေးဂီတအစီအစဉ်
- ၁၀:၅၀ Sunday Talk
- ၁၁:၄၅ တေးဂီတအစီအစဉ်
- ၁၁:၅၀ အားကစားနှင့် ကျန်းမာရေး
- ၁၂:၀၀ MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

FA ဘောလုံးပွဲစဉ်

ညပိုင်း	အစီအစဉ်	လိုင်း
၂:၀၀	Birmingham-Reading	5-Sports (Live)

ဇန်နဝါရီ ၁၅ ရက်က မကွေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်ထွန်း၊ တောင်တွင်းကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် ကွမ်းခြံစုရွာသူ ရွာသားများ စုပေါင်း၍ ကြက်ဆူပင်များ ပျိုးထောင်ကြစဉ်။ (သတင်းစဉ်)

အလုံမြို့နယ် အမှတ်(၁)အထက မြတ်ဆရာပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၆

အလုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း (ယခင် ပဲခူးကရင်တန်းမြင့်ကျောင်း)တွင် ပညာသင်ကြားပေးခဲ့ကြသော အသက် ၅၅ နှစ်ပြည့်ပြီး လုပ်သက် ၂၅ နှစ်ပြည့် ဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက ဒုတိယအကြိမ် ပူဇော်ပွဲအခမ်းအနားကို ဧပြီ ၁ ရက် နံနက် ၉ နာရီတွင် အလုံမြို့နယ် အမှတ်(၁) အထကခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆရာကြီး ဆရာမကြီးများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ချီးမြှင့်ကြပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများ (နှစ်အကန့်အသတ်မရှိ)အားလုံး မပျက်မကွက်ကြွရောက်ကြရန် ဖိတ်ကြားထားသည်။

လှူဒါန်းပူဇော်လိုသော ကျောင်းသား ကျောင်းသူများသည် ကျောင်းအုပ်ဆရာမကြီး ဒေါ်စိန်စိန်တင် ဖုန်း–၂၂၀၅၉၈၊ ဒေါ်မြင့်မြင့်စိန် ဖုန်း–၅၀၂၇၅၂၊ ဒေါက်တာ လွင်လွင်ဦးလှိုင် ဖုန်း–၅၇၈၉၉၆၊ ကိုအောင်ကျော်ဆန်း ဖုန်း–၀၉–၅၀၀၆၇၁၁၊ စောထီးဆက် ဖုန်း–၀၉–၅၁၃၂၂၃၆ နှင့် မသီတာထွေး ဖုန်း–၀၉–၅၁၁၁၅၂၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ ပရိုတွန် မော်တော်ကားစက်ရုံတစ်ရုံ၏ လုပ်ငန်းခွင်ကို ဖေဖော်ဝါရီ ၅ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နျူကလီးယားအစီအစဉ်အပေါ် ဖိအားပေးမှုကို လက်ခံမည်မဟုတ် အီရန်ပါလီမန်ဥက္ကဋ္ဌ အလီဟာဒတ်အဒယ်ပြောကြား

တီဟီရန် ဖေဖော်ဝါရီ ၆

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်အပေါ် ဖိအားပေးမှုများကို လက်ခံမည်မဟုတ်ကြောင်း အီရန်ပါလီမန်လွှတ်တော်ဥက္ကဋ္ဌ ဂိုလမ်အလီဟာဒတ်အဒယ်က တီဟီရန်မြို့တွင် ဖေဖော်ပါရီ၄ရက် စနေနေ့၌ ပြောကြားလိုက်သည်။

ထို့အပြင်အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ အတင်းအကျပ်ဖိအားပေးရန် ဆောင်ရွက်လာလျှင်လည်း အီရန်တို့က နျူကလီးယား အစီအစဉ်ကို စွန့်လွှတ်လိမ့်မည် မဟုတ်ကြောင်း အီရန်ပါလီမန်လွှတ်တော်ဥက္ကဋ္ဌ ဂိုလမ်အလီဟာဒတ်အဒယ်က ဆက်လက်ပြောကြားသည်။

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်သည် နျူကလီးယားလက်နက်ထုတ်လုပ်ခြင်းကို လုပ်ဆောင်နေခြင်းဖြစ်သည်ဟု ထပ်တလဲလဲပြောဆိုနေကြခြင်း သက်သက်သာဖြစ်ကြောင်းလည်း ၎င်းက စောဒကတက်လိုက်သည်။

ပြောကြား

အီရန်နိုင်ငံသည် နျူကလီးယားလက်နက်များထုတ်လုပ်ရေးအတွက် ဆောင်ရွက်နေမှုအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ အစီရင်ခံစာတစ်ရပ်တင်ပြနိုင်ရန်အတွက် နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီ (အိုင်အေအီးအေ)၏ အရေးပေါ်အစည်းအဝေးတစ်ရပ် မကျင်းပမီ အီရန်လွှတ်တော်ဥက္ကဋ္ဌက အောက်ပါအတိုင်းပြောကြားလိုက်ခြင်း ဖြစ်သည်။

လုပ်ဆောင်ချက်

ထို့အတူ အီရန်သမ္မတဟောင်း အက်ဘာဟာရှီမီရပ်ဖ်ဆန်ဂျာနီကလည်း အီရန်နိုင်ငံ၏ နျူကလီးယားကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့တင်ပြခြင်းသည် ကြီးမားသော လုပ်ဆောင်ချက် အမှားတစ်ရပ်ပင် ဖြစ်ကြောင်း ပြောကြားလိုက်သည်။

အမ်အင်အေ၊ဆင်ပ်ဟွာ

ပါကစ္စတန်၌ရထားလမ်းချော်၊ ခရီးသည်တစ်ဦးသေဆုံးပြီး ၂၇ဦးဒဏ်ရာရ

အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၆

ပါကစ္စတန်နိုင်ငံအနောက်တောင်ပိုင်းတွင် ဖေဖော်ဝါရီ ၄ရက်နံနက်က ခရီးသည်တင်ရထားတစ်စင်း လမ်းချော်မှုဖြစ်ပွားရာ အနည်းဆုံး လူတစ်ဦးသေဆုံးပြီး ၂၇ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ခရီးသည်တင်ရထားသည် ပါကစ္စတန်နိုင်ငံတောင်ပိုင်း ကရာချိမြို့မှ ပါကစ္စတန်အရှေ့ဘက်ရှိ လာဟိုရီမြို့သို့ မောင်းနှင်လာစဉ် ယခုကဲ့သို့ လမ်းချော်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ဖြစ်ပွားသည့်နေရာမှာ ဆာမာဆက်တာမြို့အနီးတွင် ဖြစ်ကြောင်း သိရသည်။

ပို့ဆောင်

ရထားလမ်းချော်မှုကြောင့်ဒဏ်ရာရရှိသူများကို ပုဂ္ဂလိက မော်တော်ယာဉ်များနှင့် သူနာပြုယာဉ်များဖြင့် အနီးရှိ ဘာဟာဝဲလ် ဗစ်တိုရီးယားဆေးရုံသို့ ဆေးကုသမှုခံယူရန် ပို့ဆောင်ပေးထားသည်။

ယခုကဲ့သို့ မီးရထားလမ်းချော်မှုမှာ မတော်တဆဖြစ်ရပ် တစ်ခုဖြစ်ကြောင်း မီးရထားလမ်းထိန်းချုပ်ခန်းမှ ချို့ယွင်းမှုကြောင့် ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ပ်ဟွာ

အင်ဒိုနီးရှား၌ မြေလျှင်လှုပ် ရစ်ချ်တာစကေး ၅ ဒသမ ၁ရှိ

ဂျကာတာ ဖေဖော်ဝါရီ ၆

အင်ဒိုနီးရှားနိုင်ငံ ဆူလာဝီစီ ပြည်နယ်အလယ်ပိုင်း ပါလူမြို့အနီးတွင် ဖေဖော်ဝါရီ ၄ရက် စနေနေ့က ရစ်ချ်တာစကေး ၅ဒသမ ၁ရှိ မြေလျှင်တစ်ခု လှုပ်သွားကြောင်း အင်ဒိုနီးရှား မြေလျှင်ဌာနမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသည်။

အဆိုပါ မြေလျှင်သည် ပါလူမြို့အရှေ့တောင်ဘက် ကီလိုမီတာ ၁၀၀ ခန့်အကွာ တောင်လတ္တီတွဒ် ၁ဒသမ ၇၇ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၁၂၀ဒသမ ၁၀ ဒီဂရီတွင် မြေအောက်ကီလိုမီတာ ၃၀အနက်၌ ဗဟိုပြုလှုပ်သွားခြင်း ဖြစ်သည်ဟု အင်တာရာ သတင်းဌာနက သတင်းထုတ်ပြန်သည်။

မြေလျှင်လှုပ်မှုကြောင့် ထိခိုက်သေဆုံးမှုနှင့် ဆုံးရှုံးပျက်စီးမှုမရှိကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ပ်ဟွာ



အီရတ်နိုင်ငံအနောက်ပိုင်း ဟစ်မြို့၌ လုံခြုံရေးဆောင်ရွက်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို ဖေဖော်ဝါရီ ၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘိုလီးဗီးယား လေဘေးဒုက္ခသည်များအတွက် ချီလီမှပစ္စည်းများပေးပို့

ဆန်တီယာဂို ဖေဖော်ဝါရီ ၆

ချီလီနိုင်ငံသည် အိမ်နီးချင်း ဘိုလီးဗီးယားနိုင်ငံရှိ လေဘေးဒုက္ခသည် ၅၀၀၀၀အတွက် စည်သွပ်ဘူးအစားအစာ၊ မွေ့ရာများနှင့်စောင် များ စုစုပေါင်းအလေးချိန် ၁၅တန်ကို အထောက်အပံ့အကူအညီအဖြစ် ပို့ဆောင်ပေးခဲ့ကြောင်း ဖေဖော်ဝါရီ ၃ရက်ထုတ် အစီရင်ခံစာတွင် ဖော်ပြထားသည်။

ပို့ဆောင်ပေး

ယင်းအထောက်အပံ့များပို့ဆောင်ခြင်းကို ပြည်ထဲရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့က ကြီးကြပ်ဆောင်ရွက်ကာ သောကြာနေ့ နံနက်ပိုင်းက ပို့ဆောင်ပေးလိုက်ကြောင်း သိရသည်။

ဖော်ပြပါရှိ

ဘိုလီးဗီးယားတွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် လူ ၁၃ဦးသေဆုံးကာ ၂၉ဦးဒဏ်ရာရရှိခဲ့ပြီး လူ ၅၀၀၀၀ ထိခိုက်နစ်နာခဲ့ရကြောင်း အစီရင်ခံစာတွင် ဖော်ပြပါရှိသည်။

အမ်အင်အေ၊ဆင်ပ်ဟွာ

တောင်အမေရိကတစ်ဝန်းမိုးခေါင်မှု လာနီညာရာသီဥတုကြောင့်ဖြစ်ဟုဆို

ဘူနို့စ်အဲစ် ဖေဖော်ဝါရီ ၆

တောင်အမေရိက နိုင်ငံအများစုသည် ၂၀၀၅ခုနှစ်နှင့် ၂၀၀၆ခုနှစ် အစောပိုင်းတွင် မိုးခေါင်မှုဒဏ် ဆိုးရွားစွာခံစားရပြီး သီးနှံစိုက်ခင်းများ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း ဘူနို့စ်အက် ကောက်ပဲသီးနှံဖလှယ်ရေးဌာနက ထုတ်ပြန်သော ဖေဖော်ဝါရီ ၄ရက် ကြေညာချက်တွင် ဖော်ပြထားသည်။

ဖော်ပြ

အမေရိကတိုက် တောင်ပိုင်းရှိ ပင်လယ်ရေအေးနေမှုကြောင့် ယင်းဒေသတွင် မိုးရွာသွန်းမှုလျော့ကျခဲ့ရကြောင်း၊ ဘရာဇီးနှင့် ဥရုဂွေးနိုင်ငံတို့သည် လက်ရှိ မိုးခေါင်မှုဒဏ်ကိုခံစားနေရပြီး မိုးရွာသွန်းမှုမှာ ၂၅နှင့် ၅၀ရာခိုင်နှုန်း လျော့ကျခဲ့ရကြောင်း၊ ဘရာဇီးမှ အမေဇုန်တောမှာ အဆိုးရွားဆုံးမိုးခေါင်မှုဒဏ် ခံရကြောင်း အဆိုပါ ကြေညာချက်၌ ဖော်ပြသည်။

ထိခိုက်မှုဖြစ်

ဘိုလီးဗီးယားတောင်ပိုင်း၊ ပါရာဂွေးနှင့် အာဂျင်တီးနားချာကိုဒေသ၊ မက်ဆိုပိုတေးမီးယားမြောက်ပိုင်းနှင့် ပမ်ပီးဒေသများသည်လည်း မိုးခေါင်မှုကြောင့် လယ်ယာထုတ်ကုန်များ ထိခိုက်မှုဖြစ်ပေါ်ခဲ့ရသည်ဟု ဆိုသည်။

အာဂျင်တီးနားအလယ်ပိုင်းသာလျှင် ပြီးခဲ့သောအပတ်က မိုးရွာသွန်းသဖြင့် သီးနှံများ ဆိုးဆိုးရွားရွားပျက်စီးမှုမှ ရှောင်ရှားနိုင်ခဲ့ကြောင်း၊ ဗနန်ဇဝါးရီလနှောင်းပိုင်းက ရွာသွန်းခဲ့သောမိုးသည် လာနီညာအားနည်းမှုကြောင့် မိုးရွာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လျော့နည်း

အဆိုပါ လာနီညာရာသီဥတုဖြစ်စဉ်သည် ပြန်လည်အားကောင်းလာပြီး ဘရာဇီးလေထုသည် မြောက်ဘက်သို့ ဦးတည်တိုက်ခတ်လျက်ရှိရာ မိုးရွာသွန်းမှုအခွင့်အလမ်းများ လျော့နည်းလာနေကြောင်းဖြင့်လည်း ဖော်ပြသည်။

အမ်အင်အေ၊ဆင်ပ်ဟွာ

အမေရိကန်သမ္မတ ဘုရှ်သည် ဟစ်တလာထက်ပိုဆိုး တုံ့ပြန်တိုက်ခိုက်ရန် လက်နက်များဝယ်ယူမည်ဟု ချာဗက်ဇ်ပြောကြား

ကာရာကတ် ဖေဖော်ဝါရီ ၆

ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်သည် ဟစ်တလာထက်ပိုဆိုးကြောင်းနှင့် မိမိတို့၏ သံတမန်ဆက်ဆံရေး ယိုယွင်းလာချိန်တွင် မိမိတို့ နိုင်ငံကို ကာကွယ်ရန်အတွက် လက်နက်အမြောက်အမြား ဝယ်ယူရန် သန္နိဋ္ဌာန်ချထားကြောင်း လူထုအစည်းအဝေးတွင် ဖေဖော်ဝါရီ ၄ရက်က ပြောကြားလိုက်သည်။

အမေရိကန်သမ္မတ၏ နယ်ချဲ့ကျူးကျော်ခြင်း၊ လူမျိုးတုံးအောင် သတ်ဖြတ်ခြင်းနှင့် ဖက်ဆစ်ဝါဒ သဘောထားများသည်အကန့်အသတ် မရှိကြောင်း ၎င်းက ပြောကြားသည်။

အမေရိကန်စစ်သံမှူးတစ်ဦးအား သူလျှိုလုပ်ငန်းများ လုပ်ဆောင်သည်ဟု စွပ်စွဲပြီး ချာဗက်ဇ်က နိုင်ငံမှ မောင်းထုတ်လိုက်ပြီးနောက် အိမ်ဖြူတော်သည် ဗင်နီဇွဲလားသံတမန်ကို မောင်းထုတ်ခြင်းဖြင့် ပြန်လည် တုံ့ပြန်ခဲ့ပြီးနောက် အမေရိကန်နှင့် ဆိုရှယ်လစ်ခေါင်းဆောင်၏ ဆက်ဆံရေးသည် ကတောက်ကဆဖြစ်လာပြီး ယခုရက်သတ္တပတ်တွင် ပိုမိုဆိုးရွားလာခဲ့သည်။

သတိပေးပြောကြားလိုက်

ချာဗက်ဇ်က အမေရိကန်အစိုးရသည် ၎င်းအား ရာထူးမှဖြုတ်ချရန် ကြိုးပမ်းနေကြောင်း မကြာခဏ စွပ်စွဲပြောဆိုခဲ့သည်။ ၎င်းသည် အမေရိကန်နိုင်ငံအတွင်းရှိ ဗင်နီဇွဲလားရေနံချက် စက်ရုံများနှင့် အမေရိကန်နိုင်ငံအတွင်းဈေးကွက်တွင် ရေနံရောင်းချနေခြင်းကို ဖြတ်တောက်လိုက်နိုင်သည်ဟု သတိပေးပြောကြားလိုက်သည်။

ချာဗက်ဇ်သည် ပြီးခဲ့သောနှစ်က ရုရှားနိုင်ငံမှ ရဟတ်ယာဉ်များနှင့် ရိုင်ဖယ်သေနတ်အလက်ပေါင်းတစ်သိန်းကို ဝယ်ယူခဲ့ပြီး ဗင်နီဇွဲလားအစိုးရအား ဖြုတ်ချရန် မည်သည့်ကြိုးပမ်းမှုကိုမဆို တုံ့ပြန်တိုက်ခိုက်သွားရန်အတွက် လက်နက်များ ပိုမိုဝယ်ယူရန်လိုအပ်ကြောင်း ချာဗက်ဇ်က ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

ဂျပန်နိုင်ငံမြောက်ပိုင်း ဆာပိုရိုမြို့တွင် ကျင်းပသည့် (၅၇)ကြိမ်မြောက် ဆာပိုရို ဆီးနှင်းပွဲတော်တွင် ပြသထားသော ဆီးနှင်းပန်းပုရုပ်တုကို ခရီးသွားများ ဖေဖော်ဝါရီ ၅ရက်က ကြည့်ရှုလေ့လာနေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာ အာကာသယာဉ်စခန်းမှ အာကာသယာဉ်မှူးနှစ်ဦး အာကာသအတွင်း လမ်းလျှောက်မှုပြုပြီး လိုအပ်သည်များပြင်ဆင်

မော်စကို ဖေဖော်ဝါရီ ၆

နိုင်ငံတကာအာကာသယာဉ်စခန်းပေါ်တွင် ရောက်ရှိနေသော အာကာသယာဉ်မှူးနှစ်ဦးသည် ဖေဖော်ဝါရီ ၃ရက် သောကြာနေ့ ဂရင်းနစ်စံတော်ချိန် ၂၂၄၄နာရီတွင် နိုင်ငံတကာအာကာသယာဉ်စခန်းမှ ထွက်ကာ အာကာသတွင်း လမ်းလျှောက်မှုပြုလုပ်ခဲ့ကြကြောင်း ရုရှားအာကာသထိန်းချုပ်ရေးဌာနက ပြောကြားသည်။

အာကာသယာဉ်မှူးနှစ်ဦးတို့သည် အာကာသအတွင်း လမ်းလျှောက်စဉ် နိုင်ငံတကာအာကာသယာဉ်စခန်းအတွင်းမှ ၎င်းတို့အသုံးပြုခဲ့ပြီးသော အဝတ်အထည်အဟောင်းများ၊ ရေဒီယို၊ အီလက်ထရွန်နစ်ပစ္စည်းသေတ္တာများ၊ ဘက်ထရီအဟောင်းများကို အာကာသအတွင်း လွှင့်ပစ်ခဲ့ကြသည်။

ထို့အပြင် အာကာသယာဉ်မှူးနှစ်ဦးသည်ဓာတ်ပုံရိုက်ခြင်း၊အာကာသယာဉ်စခန်းအား လိုအပ်သည့်ပြင်ဆင်မှုများ ပြုလုပ်ခြင်းများကိုလည်း လုပ်ဆောင်ခဲ့ကြသည်။

လမ်းလျှောက်ခဲ့

အဆိုပါ အာကာသယာဉ်မှူးနှစ်ဦးမှာ အမေရိကန်အာကာသရေးရာဌာနမှ အရာရှိတစ်ဦးဖြစ်သူ ဘီလ်မက်အာသာနှင့် ရုရှားလေယာဉ်အင်ဂျင်နီယာ ဗာလီရီတိုကာရက်ဗ်တို့ဖြစ်ကြပြီး အာကာသအတွင်း (၁၂)ကြိမ်မြောက် လမ်းလျှောက်ခဲ့ကြသည့် အာကာသလေယာဉ်မှူးများဖြစ်ခဲ့ကြသည်။

ဖယ်ရှားရှင်းလင်း

ထိုအာကာသယာဉ်မှူးနှစ်ဦးသည် နိုင်ငံတကာအာကာသယာဉ်စခန်းသို့ ၂၀၀၅ခုနှစ် အောက်တိုဘာ၃ရက်က စတင်ရောက်ရှိခဲ့ကြပြီး ၂၀၀၅ ခုနှစ် နိုဝင်ဘာ ၇ရက်ကလည်း အာကာသအတွင်း လမ်းလျှောက်ထွက်ခဲ့ကြသေးသည်။ ထိုသို့ လမ်းလျှောက်ထွက်ခြင်းမှာ နိုင်ငံတကာ အာကာသယာဉ်စခန်း အပြင်ဘက်တွင် ဗီဒီယိုကင်မရာ တပ်ဆင်ရန်နှင့် နိုင်ငံတကာအာကာသယာဉ်စခန်းအပြင်ဘက်တွင် မလိုအပ်သည့်အစိတ်အပိုင်းများကို ဖယ်ရှားရှင်းလင်းရန်အတွက်ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

အင်ဒိုနီးရှားစီးပွားရေး ၂၀၀၅ ခုနှစ်၌ ငါးရာခိုင်နှုန်းကျော် တိုးတက်

ဂျကာတာ ဖေဖော်ဝါရီ ၆

အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးတိုးတက်မှုသည် ပြီးခဲ့သည့် ၂၀၀၅ခုနှစ်က ခြောက်ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းထားခဲ့သော်လည်း ၅ဒသမ ၃ရာခိုင်နှုန်းနှင့် ၅ဒသမ၆ရာခိုင်နှုန်း တိုးတက်ခဲ့သဖြင့် သတ်မှတ်ချက်ထက် အနည်းငယ်လျော့နည်းခဲ့ကြောင်း အင်ဒိုနီးရှား ဗဟိုဘဏ်၏ ပြောရေးဆိုခွင့်ရှိသူ ရီဇယ် အေဒီဂျာဖာရာက ပြောကြားသည်။

တိုးတက်ခဲ့

အင်ဒိုနီးရှားနိုင်ငံတွင် ၂၀၀၅ခုနှစ် ပထမလေးလတာကာလတွင် ၆ဒသမ ၁၂ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားသော်လည်း လေးရာခိုင်နှုန်းနှင့် ၄ဒသမ ၅ရာခိုင်နှုန်းခန့်သာ တိုးတက်ခဲ့ပြီး ဒုတိယလေးလပတ်တွင် ၅ဒသမ ၈၄ရာခိုင်နှုန်းနှင့် တတိယလေးလပတ်တွင် ၅ဒသမ ၄ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း အင်တာရာသတင်းဌာနက ဖေဖော်ဝါရီ ၄ရက်၌ ဖော်ပြသည်။

မြင့်တက်ခဲ့

ထို့ကြောင့် အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးသည် ၂၀၀၅ခုနှစ်က တိုးတက်မှု အနည်းငယ် နှေးကွေးခဲ့ကြောင်း၊ ယင်းမှာ ရေနံဈေးနှုန်းမြင့်မားမှုကြောင့်ဖြစ်ကြောင်း၊ ထို့ကြောင့် ထုတ်ကုန်ဈေးများမြင့်တက်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ၏ တိုးတက်မှုနှေးကွေးသော်လည်း ၂၀၀၅ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံတစ်ဝန်း၌ အကြွေးဝယ်ကတ်အသုံးပြုမှုမှာ ၂၃ဒသမ ၁ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ အင်ဒိုနီးရှားအစိုးရအနေဖြင့် ၂၀၀၅ခုနှစ်၌ အကြွေးဝယ်ကတ်မှာ ၂၂ရာခိုင်နှုန်းခန့်သာရှိမည်ဟု မျှော်မှန်းထားသည်။

အမ်အင်အေ၊ဆင်ဟွာ

ကင်ဆာရောဂါတိုက်ဖျက်မှုကို အရေးယူဆောင်ရွက်မှုမပြုလျှင် လာမည့်၁၀နှစ်အတွင်း ကင်ဆာကြောင့် လူဂ၄သန်းသေဆုံးနိုင်

ဂျီနီဗာ ဖေဖော်ဝါရီ ၆

၂၀၀၅ခုနှစ်က တစ်ကမ္ဘာလုံးတွင် ကင်ဆာရောဂါဖြင့် သေဆုံးခဲ့ရသူ ဦးရေ ၇ဒသမ ၆သန်းခန့်ရှိခဲ့သဖြင့် တစ်ကမ္ဘာလုံးအနေဖြင့် ကင်ဆာရောဂါတိုက်ဖျက်ရေးကို ဆောင်ရွက်ကြရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို)က ဂျီနီဗာမြို့တွင် ဖေဖော်ဝါရီ ၃ရက် သောကြာနေ့၌ တိုက်တွန်းလိုက်သည်။

ကင်ဆာရောဂါတိုက်ဖျက်မှုကို အရေးတယူလုပ်ဆောင်ခြင်းမရှိလျှင် လာမည့် ၁၀နှစ်အတွင်း တစ်ကမ္ဘာလုံး၌ ကင်ဆာရောဂါဖြင့် သေဆုံးသူဦးရေမှာ ၈၄သန်းအထိရှိလာမည်ဖြစ်ပြီး ကင်ဆာရောဂါသည် ကမ္ဘာပေါ်တွင် အသေအပျောက် အများဆုံးရောဂါအဖြစ် ခေါင်းထောင်လာမည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လက်ထောက်အထွေထွေ ညွှန်ကြားရေးမှူး ဒေါက်တာ ကတ်သရိမ်းလီဂါလက်စ် ကာမက်စ်က သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ သတင်းထောက်များအား ပြောကြားသည်။

အဆိုပြု

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် ၂၀၀၆ခုနှစ်မှ ၂၀၁၅ခုနှစ်အတွင်း အဆိုပါ ဆိုးရွားသော နာတာရှည်ရောဂါဖြင့် သေဆုံးရမှုနှုန်းကို တစ်ကမ္ဘာလုံးတွင် နှစ်ရာခိုင်နှုန်းလျှော့ချရန် အဆိုပြု တိုက်တွန်းထားသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အောင်မြင်မှုရရှိ

အဆိုပါ တိုက်တွန်းချက်အောင်မြင်ခဲ့လျှင် လာမည့် ၁၀နှစ်တာကာလအတွင်း ကင်ဆာရောဂါကြောင့် သေဆုံးသူ ၈၄သန်းရှိနိုင်မှုမှ သေဆုံးသူ ရှစ်သန်းကျော်ကို တားဆီးနိုင်မည့် အောင်မြင်မှု ရရှိမည်ဖြစ်သည်ဟု ၎င်းက ထပ်မံပြောကြားသည်။

ဖော်ပြ

ကမ္ဘာပေါ်တွင် ကင်ဆာရောဂါကြောင့် သေဆုံးသူ ၇၀ရာခိုင်နှုန်းမှာ တစ်ဦးချင်းဝင်ငွေ အလယ်အလတ်ရှိသော နိုင်ငံများနှင့် တစ်ဦးချင်းဝင်ငွေနည်းပါးသော နိုင်ငံများမှ ဖြစ်ကြောင်း၊ ဆေးလိပ်ဆေးရွက်ကြီး သောက်သုံးမှုကြောင့် ကင်ဆာရောဂါဖြစ်ပွားပြီး သေဆုံးမှုမှာ တစ်ကမ္ဘာလုံးတွင် နှစ်စဉ် လူဦးရေ ၁ဒသမ ၅သန်းရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်သော ကိန်းဂဏန်း၌ ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဂျပန်နိုင်ငံ၌ မော်တော်ယာဉ်အစီး၆၀ကျော် အစုလိုက်အပြုံလိုက် ယာဉ်တိုက်မှုဖြစ်ပွား

တိုကျို ဖေဖော်ဝါရီ ၆

ဂျပန်နိုင်ငံအလယ်ပိုင်းရှိ ဟိုကူရိကူ အမြန်လမ်းမကြီးပေါ်တွင် ဖေဖော်ဝါရီ ၃ရက်က မော်တော်ယာဉ်အစီး ၆၀ကျော် အစုလိုက်အပြုံလိုက် ယာဉ်တိုက်မှုဖြစ်ပွားရာ လူ ၃၁ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ကျိုဒိုသတင်းဌာနက ဖေဖော်ဝါရီ ၄ရက် စနေနေ့၌ သတင်းထုတ်ပြန်သည်။

အခင်းဖြစ်ပွားမှုမှာ ဂျပန်နိုင်ငံ တိုယာမာစီရင်စု အီဇူမီအရပ်တွင် ဖေဖော်ဝါရီ ၃ရက် ည ၉နာရီမိနစ် ၄၀ခန့်က အဆိုပါ မော်တော်ယာဉ်များ အစုအပြုံလိုက် ယာဉ်တိုက်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ထိုသို့ ယာဉ်များတိုက်မှုကြောင့် ဒဏ်ရာရရှိသူများအနက် လူလေးဦးမှာ ဒဏ်ရာပြင်းထန်ကာ စိုးရိမ်ရသည့် အနေအထားရှိသည်။

ယာဉ်တိုက်မှုကြောင့် အချို့ကားများ တိမ်းမှောက်ပျက်စီးသွားခဲ့သည်။ မော်တော်ယာဉ်အများစုမှာ ကိုယ်ပိုင် မော်တော်ယာဉ်များနှင့် ကုန်တင်ထရပ်ကားများဖြစ်ကြောင်း သိရသည်။

ယာဉ်တိုက်မှုဖြစ်ပွားရာသို့ ကယ်ဆယ်ရေးအဖွဲ့များ အလျင်အမြန်သွားရောက်ကာ လူများအား ကယ်ဆယ်မှုများ ပြုလုပ်ပေးခဲ့ကြောင်း ဂျပန်ရဲတပ်ဖွဲ့က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဘဂ္ဂဒက်မြို့ရှိ စစ်ဆေးရေးဂိတ်တစ်ခုတွင် မော်တော်ယာဉ်များအား စစ်ဆေးနေသော အပေါင်းပါတပ်ဖွဲ့ဝင်များကို ဖေဖော်ဝါရီ ၅ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကာရေဘီယံ ပင်လယ်အတွင်း ကုန်တင်သင်္ဘောပေါ်မှ ပေါင်သန်း၃၅၀ကျော်တန် ကိုကင်းများ ဗြိတိသျှရေတပ် သိမ်းဆည်းရမိ

လန်ဒန် ဖေဖော်ဝါရီ ၄

ဗြိတိသျှရေတပ်သည် ကာရေဘီယံ ပင်လယ်ထဲတွင် ကုန်တင်သင်္ဘောတစ်စင်းကို တိုက်ခိုက်ပြီးနောက် သင်္ဘောပေါ်မှ မှောင်ခိုပေါက်ဈေး ပေါင် သန်း ၃၅၀ကျော် (အမေရိကန်ဒေါ်လာ သန်း ၆၂၀)တန်ဖိုးရှိ ကိုကင်းများကို သိမ်းဆည်းရမိ ခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၃ရက်တွင် ပြောကြားသည်။

ဖော်ပြပါရှိ

ဖေဖော်ဝါရီ ၁ရက်ကပြုလုပ်ခဲ့သည့် ယင်းစစ်ဆင်ရေးသည် မူးယစ်ဆေးဝါးစံချိန်တင် အများဆုံးသိမ်းဆည်းရမိသည့် စစ်ဆင်ရေးများအနက် တစ်ခုဖြစ်ကြောင်း သတင်းတွင် ဖော်ပြပါရှိသည်။

ကိုကင်း ၃တန်ခွဲကို သင်္ဘောပေါ်မှတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ သင်္ဘောသည် မည်သည့်နေရာမှလာ၍ မည်သည့်နေရာသို့ သွားမည်ဆိုသည့် အသေးစိတ်အချက်အလက်များကို ပြောကြားခြင်းမရှိကြောင်း ရိုက်တာက ဖော်ပြသည်။

သိမ်းဆည်း

အောက်တိုဘာလကလည်း ဗြိတိသျှ ရေတပ်သည် ပေါင် သန်း ၂၀၀တန်ဖိုးရှိ ကိုကင်းနှစ်တန်ကို ကာရေဘီယံ ပင်လယ်အတွင်းမှပင် သိမ်းဆည်းရမိခဲ့သေးကြောင်း ရိုက်တာ၌ ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ

(၅၉) နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

ပြည်ထောင်စု၏အလှ ပြည်ထောင်စု၏ အနှစ်သာရ

အသီးတစ်ရာ အညှာတစ်ခု ဒို့ပြည်ထောင်စု

မြန်မာနိုင်ငံသည် ပန်းပေါင်းစုံတို့ ဖူးပွင့်နေသည့် ပန်းဥယျာဉ်ကြီးနှင့် သဏ္ဍာန်တူသည်။ မြန်မာနိုင်ငံမြောက်ဘက်စွန်းမှ ရေခဲများဖုံးလွှမ်းနေသော တောင်တန်းကြီးများသည် ဝေသီမြင့်မားသည်နှင့်အမျှ ငွေရောင်ဆမ်းထားသည့်နှယ် လှပစွာတည်ရှိနေသည်။ ထိုတောင်တန်းကြီးများမှ မြစ်ဖျားခံ၍ ကွေ့ကာရစ်ကာ ယှက်နွယ်စီးဆင်းလာသည့် မြစ်ချောင်းအသွယ်သွယ်တို့သည် ကချင်ပြည်နယ်အတွင်း ပေါင်းဆုံကာ ဧရာဝတီမြစ်ကြီးအဖြစ် တငြိမ့်ငြိမ့် တသွင်သွင်စီးဆင်းလာခဲ့ကြသည်မှာ တောင်ဘက်သမုဒ္ဒရာအစပ် မြစ်ဝကျွန်းပေါ်ဒေသအထိ ဖြစ်သည်။

မြန်မာနိုင်ငံတောင်ဘက်စွန်းမှ မြိတ်၊ ထားဝယ်၊ ကော့သောင်းမြို့များ တည်ရှိရာ တနင်္သာရီကမ်းရိုးတန်းသည် ရိုးမတောင်တန်းကြီးနှင့် ပင်လယ်ပြင်အကြား၌ တည်ရှိသဖြင့် တော၏အလှ၊ တောင်၏အလှနှင့် ပင်လယ်ပြင်၏အလှများကို ပေါင်းစပ်တွေ့မြင်နေရသည်။ ပင်လယ်ပြင် အတွင်းမှ ကျောက်စိမ်းတုံးကြီးများ တစ်စစီ မျောပါနေသကဲ့သို့ ပြန့်ကျဲ နေသော ကျွန်းစုများ၏ တည်ရှိနေမှုများမှာ ပန်းချီဆန်သော သဘာဝ ရှုခင်းအလှများ ဖြစ်သည်။

ဧရာဝတီမြစ်ကြီးကို အမှီပြု၍ အရှေ့-အနောက်၊ တောင်-မြောက်၊ ဝဲ-ယာဒေသတစ်ခွင်တစ်ပြင်သည် မြသားကမ္ဗလာ စိမ်းရောင်ဖြာနေသည့် အဖိုးတန် သစ်တောကြီးများဖြင့် ဖုံးလွှမ်းလျက်ရှိသည်။ မြစ်ဝှမ်းလွင်ပြင်များတွင် သီးထပ်သီးညှပ် သီးနှံစုံစိုက်ခင်းကြီးများက ရောင်းစုံဖြာနေသည်။

လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်အဖြစ် ကမ္ဘာ့မြေပေါ်တွင် တည်ရှိသော လှပသည့် မြန်မာ့မြေပေါ်တွင် ပြည်ထောင်စုဖွားတိုင်းရင်းသားများသည် ဘိုးဘေးအစဉ်အဆက် ဥမကွဲသိုက်မပျက် အေးအတူ ပူအမျှ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပေါင်းစည်းနေထိုင်လာခဲ့ကြသည်မှာ ယနေ့ကာလတိုင် ဖြစ်သည်။

မြန်မာနိုင်ငံ၏ ထူးခြားသောဝိသေသမှာ ပြည်ထောင်စုဖွားတိုင်းရင်းသားများဖြစ်ကြသည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသားမျိုးနွယ်စုများ အတူတကွ ရင်းနှီးချစ်ကြည်စွာ ပေါင်းစည်းနေထိုင်ကြခြင်းပင် ဖြစ်သည်။

ပြည်ထောင်စုဖွား တိုင်းရင်းသားများသည် ရေမြေသဘာဝ တည်နေရာအနေအထားအရ နေထိုင်ရာဒေသအလိုက် မျိုးနွယ်စု အစဉ်အလာ အလေ့အထများ သီးခြားစီရှိကြသော်လည်း တစ်မြေတည်းနေ တစ်ရေတည်းသောက် ပြည်ထောင်စုဖွားများပီပီ တူညီသည့် သမိုင်းနောက်ခံ၊ တူညီသည့် ရိုးရာဓလေ့အယူအဆနှင့် တူညီသည့် ယဉ်ကျေးမှုအခြေခံများကို ဝေမျှပိုင်ဆိုင်နေကြသူ ညီရင်းအစ်ကို၊ မောင်ရင်းနှမများသာဖြစ်ကြောင်း သမိုင်းအစဉ်အလာက ခိုင်မာစွာပြဆိုနေသည်။

အသီးတစ်ရာ အညှာတစ်ခုဆိုသည့်အတိုင်း ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ ဘာသာစကားနှင့်လူမှုဓလေ့များအရ အသွင်သဏ္ဍာန် ကွဲပြားသယောင်ရှိစေကာမူ အနှစ်သာရအားဖြင့် ပြည်ထောင်စုသွေး၊ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေပြုထားသည်ဖြစ်၍ အညှာတစ်ခုတည်းမှ သီးပွင့်နေကြသော သွေးရင်းသားချင်းများသာ ဖြစ်ကြသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ရှည်လျားသော သမိုင်းကြောင်းဖြစ်စဉ်များကို ပြန်ကြည့်လျှင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် တိုင်းတစ်ပါးသားတို့၏ ကျူးကျော်ရန်စမှုကို ဆတ်ဆတ်ထိမခံ လက်တွဲတွန်းလှန် တိုက်ဖျက်တတ်သည့် ကိုလိုနီနယ်ချဲ့ ဆန့်ကျင်ရေး စိတ်ဓာတ်တို့သည် တိုင်းရင်းသားတိုင်း၏ နှလုံးအိမ်ထဲတွင် စွဲထင်ကိန်းအောင်းနေဆဲပင်ဖြစ်သည်။ ထိုစိတ်ဓာတ်နှင့် အစဉ်အလာများသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာအလယ်တွင် တင့်တင့်တယ်တယ်၊ ဝင့်ဝင့်ထည်ထည် မားမားမတ်မတ် ရပ်တည်နိုင်ရေးအတွက် ခိုင်မာသော အမျိုးသားရေးအားမာန်များပင် ဖြစ်သည်။

ကြည်ဝင်းညွန့်

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကပင် ကိုယ့်ထီးကိုယ့်နန်းဖြင့် လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သော လူမျိုးဘဝဖြင့် မျိုးရိုးဂုဏ်ရှိန် ထည်ဝါမြင့်မားစွာ ရပ်တည်ခဲ့သော နိုင်ငံဖြစ်သည်။ သို့သော်လည်း ကျူးကျော်လိုသူ နယ်ချဲ့တို့၏ ပရိယာယ်ဝေဝုစ်များလှသော သပ်လျှိုဖြိုခွဲမှုများကြောင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပျက်ပြားခဲ့ရသည်။ သူ့ကျွန်ဘဝသို့ နှစ်ပေါင်း၁၀၀ကျော် ကျရောက်ခဲ့ရသည်။

သို့သော် သူ့ကျွန်မခံလိုသူ တိုင်းရင်းသား မျိုးချစ်ပုဂ္ဂိုလ်အပေါင်းတို့က ဇာတိသွေးဇာတိမာန် ထက်သန်စွာဖြင့် စွန့်လွှတ်စွန့်စား အသက်ပေး၍ ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် ဆုံးရှုံးသွားခဲ့သော လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ခဲ့သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေး ရရှိရေးအတွက် ကြိုးပမ်းရာတွင် လွယ်လွယ်ဖြင့် ရရှိခဲ့ခြင်းမဟုတ်ဘဲ နိုင်ငံချစ်စိတ်၊ အမျိုးချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ် အခြေခံအုတ်မြစ်ကို ခိုင်ခိုင်မာမာ ချမှတ်နိုင်ခဲ့ခြင်းကြောင့်သာဖြစ်သည်။

နယ်ချဲ့တို့ စိုးမိုးအုပ်ချုပ်နေသော ကာလတစ်လျှောက်၌ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက ကိုလိုနီနယ်ချဲ့တို့အား နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး နည်းလမ်းအသွယ်သွယ်ဖြင့် ဆန့်ကျင်တိုက်ပွဲဝင်လာခဲ့ကြသည်။ မြန်မာတို့အား ကျွန်သက်ရှည်စေရန်အတွက် သွေးခွဲအုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးခဲ့ကြရုံမျှမက လွတ်လပ်ရေး ပေးရခါနီးအချိန်ကာလတွင်ပင် တိုင်းရင်းသားအချင်းချင်း သံသယဝင်စေရန် နယ်ချဲ့တို့က လုပ်ကြံဖန်တီး သွေးခွဲခဲ့ကြသည်။

မြန်မာ့လွတ်လပ်ရေးအတွက် ကြိုးပမ်းရာတွင် တောင်တန်းမြေပြန့်အားလုံး တစ်ချိန်တည်း လွတ်လပ်ရေးရရှိရေးအတွက် နယ်ချဲ့တို့နှင့် အားပြိုင်ခဲ့ရသေးသည်။ တိုင်းရင်းသားအားလုံးက လွတ်လပ်ရေးနှင့် စပ်လျဉ်း၍ တစ်စိတ်တည်း၊ တစ်ဝမ်းတည်း၊ တစ်ထပ်တည်းကျသော သဘောထားဆန္ဒကို ဖော်ပြခဲ့ကြသည်။ ထိုဆန္ဒကို အခိုင်အမာပြသရန် ပင်လုံညီလာခံကို ကျင်းပနိုင်ခဲ့သည်။ ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်အတွင်းရှိ ပင်လုံမြို့တွင် ကျင်းပသော တိုင်းရင်းသားပေါင်းစုံကိုယ်စားလှယ်ကြီးများ၏ ညီလာခံကို ပင်လုံညီလာခံ ဟု ဂုဏ်ပြုခေါ်ဝေါ်ခဲ့ကြသည်။

ပင်လုံညီလာခံကို နှစ်ကြိမ်ကျင်းပခဲ့သည်။ ပထမပင်လုံညီလာခံကို ၁၉၄၆ခုနှစ် မတ်လ၁ရက်နေ့မှ ၁၂ရက်နေ့အထိ ကျင်းပခဲ့သည်။ ရှမ်း၊ ကချင်၊ချင်း၊ကယားတိုင်းရင်းသားခေါင်းဆောင်များ၊ဖဆပလခေါင်းဆောင်များနှင့်အခြားနိုင်ငံရေးခေါင်းဆောင်များ တက်ရောက်ခဲ့ကြသည်။ ပထမပင်လုံညီလာခံတွင် တက်ရောက်သူအချင်းအချင်း ရင်းနှီးချစ်ကြည်မှု၊ အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုများ တည်ဆောက်နိုင်ခဲ့ကြသည်။ နောင်နှစ်တွင် ပိုမို၍ကျယ်ကျယ်ပြန့်ပြန့် တွေ့ဆုံဆွေးနွေးပြီးမိမိတို့နိုင်ငံ အနာဂတ်ကောင်းမွန်ရေးအတွက် အဖြေရှာကြရန် သဘောထားချင်း ညီမျှခဲ့ကြသည်။

စာမျက်နှာ ၇ ကော်လံ ၁သို့

ပြည်ထောင်စုစိတ်ဓာတ်

* ငါတို့သည်လျှင်...
တစ်ပြည်ထောင်ဖွား၊ ညီနောင်များတည့်
စကားဆိုတင်း၊ ငြင်းလိုငြင်းလည်း
ငြင်းတုန်းခဏ၊ ပြေပျောက်ကြကာ
ရန်စ မီးပွား၊ မကြီးမားဘဲ
ဆီးတားဖျက်ချေ၊ မေတ္တာရေဖြင့်
အရှည်မျှော်တွေး၊ ငြိမ်းချမ်းရေးကို
မြတ်လေး ယုံကြည်၊ တည်ဆောက်သည်လျှင်
ပြည်ထောင်စုသားမို့ တကား။

* ငါတို့သည်လျှင်...
ပြည်ပတိုင်းသား၊ လူမျိုးခြား၏
စော်ကား ဖိနှိပ်၊ ရေးအတိတ်ကို
ဖိနှိပ်မခံ၊ လွတ်ကြောင်းဖန်လျက်
မြန်မာပြည်ကြီး၊ ခံ့ထည်ဟည်းရန်
စုစည်းဆောက်တည်၊ တွဲလက်ညီသည်
ပြည်ထောင်စုသားမို့ တကား။

* သြော်...
"ပြည်ထောင်စုသား"
"ပြည်ထောင်စုအား"
"ဝင့်ကြွားပိုင်ပိုင်၊ တွဲလက်ခိုင်၍
နိုင်ငံ့ဂုဏ်ရည်၊ စွမ်းဆောင်တည်ကာ
တစ်ပြည်သားအောက်၊ ဒို့မရောက်အောင်
သဘောက်ကျွန်အဖြစ်၊ နွံမနစ်အောင်
မျိုးချစ်ပီပီ ရဲသွေးနီသည်
ပြည်ထောင်စု၏ ဒို့စိတ်ဓာတ်။
မျိုးဂုဏ်မြှင့်၍ ဝင့်မည်မှတ်။
နေလိုလလို ဝင်းဝင်းလျှပ်။ ။

[(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလျက်-]

မြင်းမူမောင်နိုင်မိုး

ပြည်ထောင်စုတစ်ဝန်းလုံး၌ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးအတွက် ပေ၁၈၀နှင့်အထက် တံတားပေါင်း ၂၁၁၊ စိုက်ပျိုးရေး ကဏ္ဍအကျိုးပြုဆည်တမံပေါင်း ၁၈၂ခု၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံပညာကျောင်းပေါင်း ၆ရရ၈ကျောင်း၊ တက္ကသိုလ်ကောလိပ် ၁၂၄ခု၊ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုအတွက် ဆေးရုံပေါင်း ၁၉၃ရုံစသည့် အခြေခံ အဆောက်အအုံများစွာကို ၁ရနှစ်တာမျှ ကာလအတွင်း တည်ဆောက်ဖြည့်ဆည်းပေးနေခြင်းသည် နိုင်ငံတော်အစိုးရက တိုင်းရင်းသားပြည်သူများအပေါ် ထားရှိသည့် မေတ္တာစေတနာ၏ ပြယုဂ်များပင် ဖြစ်သည်။

7-2 (06).p65 1 3/26/1905, 9:25 PM

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

* ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။
* တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး။
* ပြည်ထောင်စုကြီး ထာဝရ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး။
* နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။



စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

ဒုတိယပင်လုံညီလာခံဖြစ်သည့် ပိုမိုလေးနက်ကျယ်ပြန့်သော ပင်လုံညီလာခံကြီးကို ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ ၃ရက်နေ့မှ စတင်ကျင်းပကာ ၁၂ရက်နေ့တွင် ပင်လုံသဘောတူညီချက်(စာချုပ်)ကို တိုင်းရင်းသားခေါင်းဆောင်များ ပါဝင်လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။

ပင်လုံညီလာခံကြီးသို့ ဗြိတိသျှ တောင်တန်းဒေသဆိုင်ရာ မဟာမင်းကြီးနှင့် လန်ဒန်အစိုးရ၏ ကိုလိုနီဆိုင်ရာ အတွင်းဝန်တို့ အကဲခတ်ရန် လာရောက်ခဲ့ကြသည်။ ညီလာခံရက်များအတွင်း တောင်တန်းဒေသမှ တိုင်းရင်းသားများအား ပြည်မနှင့်အတူ လွတ်လပ်ရေးမယူဘဲ ဒိုမီနီယံအဆင့်ဖြင့် ချန်နေရစ်ရန် သွေးဆောင်ခဲ့ကြသေးသည်။

နယ်ချဲ့တို့က ညီလာခံကျင်းပနေသည့် ရက်ပိုင်းတစ်လျှောက် မည်သို့ပင် သွေးခွဲသပ်လျှို စည်းရုံးသိမ်းသွင်းကြစေကာမူ လွတ်လပ်ရေးကို ချစ်မြတ်နိုးသော တိုင်းရင်းသားခေါင်းဆောင်ကြီးများက ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် ပင်လုံစာချုပ်ကို တညီတညွတ်တည်း လက်မှတ်ရေးထိုးလိုက်ကြသည်။ ထိုနေ့သည် ပြည်ထောင်စုဖွား သွေးချင်းသားရင်း တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုကို အခိုင်အမာ မော်ကွန်းထိုးနိုင်ခဲ့သောနေ့ဖြစ်သည်။ တစ်နည်းအားဖြင့် ပြည်ထောင်စု၏ သန္ဓေ၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် ပြည်ထောင်စုအမွေကို လက်ဆင့်ကမ်းပေးလိုက်သောနေ့ပင် ဖြစ်သည်။

ပင်လုံညီလာခံ၏အောင်မြင်မှု၊ စည်းလုံးညီညွတ်မှုသည် နယ်ချဲ့သမားများကို အံ့အားသင့်စေခဲ့သည်။ တုန်လှုပ်စေခဲ့သည်။ မိမိတို့ နှစ်ပေါင်း ၁၀၀ကျော် သွေးခွဲထားခဲ့သော်လည်း ပင်လုံ၌ ပြုလုပ်သော မြန်မာပြည်ထောင်စု တည်ထောင်မည့် ပင်လုံအဓိဋ္ဌာန်ကို မသက်မသာဖြင့် လက်မှိုင်ချခဲ့ကြရသည်။

နိုင်ငံတော်၏ အတိတ်သမိုင်းကို ပြန်လည်ဆန်းစစ်လျှင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲခဲ့သည့် အချိန်အခါမျိုးတွင် ဘေးဒုက္ခအန္တရာယ်များနှင့် ရင်ဆိုင်တွေ့ကြုံရတတ်ပြီး အချင်းချင်း မညီမညွတ်မှုကို အခွင့်ကောင်းယူ၍ ပြင်ပပယောဂများ ဝင်ရောက်ရာမှ လွတ်လပ်ရေးပင် ဆုံးရှုံးခဲ့ရဖူးသည်။ သို့ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုများ ခိုင်ခိုင်မာမာ ရရှိလာသည်နှင့် တစ်ပြိုင်နက် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ခဲ့သည်မှာ မမေ့သင့်သော သမိုင်းကပေးသည့် သင်ခန်းစာများဖြစ်သည်။

ပင်လုံစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စိတ်ဓာတ်တို့ကို အခိုင်အမာ ဖော်ညွှန်းခဲ့သည့် ဖေဖော်ဝါရီလ ၁၂ရက်နေ့ကို ပြည်ထောင်စုနေ့အဖြစ် သတ်မှတ်ပြီး တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ခိုင်ခိုင်မာမာ တည်ဆောက်လာခဲ့ရာ ၅၉နှစ်တာကာလသို့ ရောက်ရှိလာပြီဖြစ်သည်။ ဤကဲ့သို့ အချုပ်အခြာအာဏာပိုင် လွတ်လပ်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို စတင်သန္ဓေတည်ပေးနိုင်ခဲ့သည့် ပြည်ထောင်စုနေ့သည် တိုင်းရင်းသားလူမျိုးများအားလုံးအတွက် အမွန်အမြတ် နေ့ထူးနေ့မြတ် ဖြစ်သည်။

တိုင်းရင်းသားလူမျိုးများအားလုံးအတွက် ထူးခြားမွန်မြတ်ပြီး ပြည်ထောင်စုအမွေ အမျိုးသားရေးအနှစ်သာရများဖြင့် ပြည့်ဝနေသော သမိုင်းဝင် နေ့ထူးနေ့မြတ်ဖြစ်ရာ ပြည်ထောင်စုနေ့၏ အဓိပ္ပာယ်နှင့်အနှစ်သာရကို သားစဉ်မြေးဆက် ထာဝရတန်ဖိုးထားပြီး တည်ဆောက်မြှင့်တင်နေကြရမည်သာ ဖြစ်သည်။

ထို့ကြောင့် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးသည် တစ်အူထုံ့ဆင်း သွေးချင်းသားရင်းများပီပီ ရေကိုသား၍ အကြားမထင်သည့် စည်းလုံးညီညွတ်မှုရှိနေကြရန် လိုအပ်သည်။ နယ်ချဲ့၏ ဆိုးမွေဖြစ်သည့် အမြင်ကျဉ်းမြောင်းသော လူမျိုးစွဲအယူအဆများ ကင်းစင်ပပျောက်သွားသည်နှင့်အမျှ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ထာဝစဉ်တည်တံ့ခိုင်မြဲနေမည် ဖြစ်သည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ငြိမ်းချမ်းသာယာဝပြောမှု အကျိုးရလဒ်ကောင်းများကို တိုးတက်ရရှိခံစားနိုင်ကြမည် ဖြစ်သည်။

မြန်မာနိုင်ငံသည် သဘာဝသယံဇာတများ ပေါများကြွယ်ဝပြီး ရေမြေရာသီဥတု အခြေခံကောင်းများဖြင့် ပြည့်စုံသော နိုင်ငံဖြစ်သည်။ ထို့အတူ မြန်မာတို့သည် အမျိုးကိုချစ်သော၊ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားသော၊ အမျိုးသားရေးယဉ်ကျေးမှု စရိုက်လက္ခဏာကောင်းများဖြင့် ပြည့်စုံသော လူမျိုးဖြစ်သည်။

သိပ္ပံနှင့် နည်းပညာရပ်များ တစ်ဟုန်ထိုး တိုးတက်မြင့်မားလာမှုကြောင့် တစ်ကမ္ဘာလုံး ဆက်စပ်လွှမ်းခြုံနေသည့် ယနေ့ကာလတွင် တိုင်းရင်းသားပြည်သူအားလုံးတို့က မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး၏ အမျိုးသားရေး အကျိုးစီးပွား ပိုမိုခိုင်မာတောင့်တင်းအောင် ကြိုးပမ်းအားထုတ်ကြရမည် ဖြစ်သည်။

ယနေ့ကာလတွင် နိုင်ငံတော်အစိုးရ၏ မှန်ကန်သော ဦးဆောင်မှုနှင့်အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်သော စွမ်းအားဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို ဦးထမ်းပဲ့ထမ်း ကြိုးပမ်းတည်ဆောက်လျက်ရှိရာ နိုင်ငံတော်သည် ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိနေပြီ ဖြစ်သည်။

နိုင်ငံတော်အစိုးရက တိုင်းရင်းသား လူမျိုးများအားလုံး၏ အကျိုးစီးပွားကို ရှေးရှုပြီး နယ်မြေဒေသတစ်ခုချင်းမှသည် ပြည်ထောင်စုတစ်ဝန်းလုံး၌ ဒေသဖွံ့ဖြိုးရေးစီမံကိန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။ တိုင်းရင်းသားပြည်သူများအတွက် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးအခြေခံအဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်းပေးလျက် ရှိသည်။

ပြည်ထောင်စုတစ်ဝန်းလုံး၌ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးအတွက် ပေ၁၈၀နှင့်အထက် တံတားပေါင်း ၂၁၁၊ စိုက်ပျိုးရေးကဏ္ဍအကျိုးပြုဆည်တမံပေါင်း ၁၈၂ခု၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံပညာကျောင်းပေါင်း ၆၇၇၈ကျောင်း၊ တက္ကသိုလ်ကောလိပ် ၁၂၄ခု၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးရုံပေါင်း ၁၉၃ရုံစသည့် အခြေခံအဆောက်အအုံများစွာကို ၁၇နှစ်တာမျှကာလအတွင်း တည်ဆောက်ဖြည့်ဆည်းပေးနေခြင်းသည် နိုင်ငံတော်အစိုးရက တိုင်းရင်းသားပြည်သူများအပေါ် ထားရှိသည့် မေတ္တာစေတနာ၏ ပြယုဂ်များပင် ဖြစ်သည်။

မျက်မှောက်ကာလတွင် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းသာယာမှုနှင့် စည်းလုံးညီညွတ်မှု အခြေခံကောင်းများကို ခိုင်ခိုင်မာမာတည်ဆောက်ပေးနိုင်မှုနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ဖြစ်ထွန်းလျက်ရှိရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်၍ တစ်ဆင့်ချင်း အကောင်အထည်ဖော်လျက်ရှိသည်။ နိုင်ငံတော်အစိုးရက အနာဂတ်နိုင်ငံတော်ကြီးအတွက် ရေရှည်တည်တံ့နေမည့် ခိုင်မာစစ်မှန်သော ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာစေရန် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးကို ကိုယ်စားပြုမည့် အမျိုးသား ညီလာခံကြီးကို အောင်အောင်မြင်မြင် ကျင်းပလျက်ရှိသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် တည်ငြိမ်အေးချမ်းသာယာမှုများ လွှမ်းခြုံနေသည့် လှပသောနိုင်ငံဖြစ်သည်။ သာယာလှပပြီး သယံဇာတပေါများကြွယ်ဝသော ဤမြေပေါ်တွင် တိုင်းရင်းသားလူမျိုးပေါင်း၁၀၀ကျော်ဖြင့် ပေါင်းစည်းနေထိုင်လျက်ရှိကြသည်။ တိုင်းရင်းသားများအားလုံးက စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ ချစ်ခင်ခြင်း အပြန်အလှန် ရိုင်းပင်းကူညီခြင်း၊ အပြန်အလှန် မှီခိုအားထား ယုံကြည်ခြင်းစသည့် ပြည်ထောင်စု၏ အနှစ်သာရ အမွန်အမြတ်တရားများကို မြတ်နိုးတန်ဖိုးထားကြသည်။

သို့ဖြစ်ရာ ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကို မောင်နှမအားလုံးတို့သည် နှစ်ပရိစ္ဆေဒကြာမြင့်စွာ ရင်းနှီးချစ်ကြည်ပေါင်းစည်းယှက်နွှယ် နေထိုင်လာခဲ့ကြသည့် အစဉ်အလာကောင်းများနှင့်အညီ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ တင့်တယ်ဝင့်ထည်စွာ ရပ်တည်နိုင်စေရေးအတွက် ပြည်ထောင်စု၏သန္ဓေ၊ ပြည်ထောင်စု၏အမွေ၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် ပြည်ထောင်စု၏ အနှစ်သာရများကို လက်ဆင့်ကမ်းသယ်ဆောင် ထိန်းသိမ်းသွားကြရန် **(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့**ကို ကြိုဆိုဂုဏ်ပြု ရေးသားတင်ပြလိုက်ရပါသည်။ ။

ပညာရေးကဏ္ဍအနေဖြင့် မျက်မှောက်ခေတ်၏စိန်ခေါ်မှုများ ရင်ဆိုင်ဖြေရှင်းနိုင်စေရေး ခေတ်မီသိပ္ပံနှင့်နည်းပညာသာမက ဝိဇ္ဇာပညာရပ်ပါ မြင့်မားလာရေးစီမံဆောင်ရွက်



မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၄) သင်တန်းဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

■ **ရွှေဖုံးမှ**

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ အထက်မြန်မာပြည် တရားရုံးချုပ် ဒုတိယတရားသူကြီးချုပ်၊ ဒုတိယရှေ့နေချုပ်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြ၊ သရုပ်ပြများနှင့် သင်တန်းသား သင်တန်းသူ အခြေခံပညာ ဆရာ ဆရာမများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲအခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာ၌ ယနေ့အချိန်အခါသည် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံပီသစွာ ရပ်တည်နိုင်စေရေးအတွက် နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရအောင် ကြိုးပမ်းဆောင်ရွက်နိုင်စွမ်းရှိသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရန် ပညာရေးကဏ္ဍက စနစ်တကျ စီမံကိန်းများချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေသော အချိန်အခါကာလဖြစ်ကြောင်း၊ ထို့အပြင် ထာဝစဉ်တည်တံ့ခိုင်မြဲသော ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ထွန်းလာစေရေးအတွက် ပြည်သူများ ပညာရည်မြင့်မားပြီး အသိအမြင် ဗဟုသုတကြွယ်ဝစေရန် ပညာရေးကဏ္ဍက အပါအဝင် နယ်ပယ်ကဏ္ဍစုံတွင် အားထုတ်ကြိုးပမ်းဆောင်ရွက်နေသည့် အချိန်အခါကာလလည်း ဖြစ်ကြောင်း။

လေ့ကျင့်ပျိုးထောင်

ယင်းသို့ ပညာရေးကို အဓိကအခန်းကဏ္ဍကထားရှိပြီး နိုင်ငံတော်ကို တည်ဆောက်နေသော အခြေအနေ အချိန်အခါမျိုးတွင် ပညာရေးတာဝန်များကို ထမ်းဆောင်နေကြသည့် ဆရာ ဆရာမများအနေဖြင့် နိုင်ငံတော်အပေါ် ချစ်မြတ်နိုးသောစိတ်ဓာတ်၊ ဆရာကောင်းတစ်ဦး၏ ကျင့်ဝတ်နှင့် တာဝန်များကို လိုလိုလားလား၊ တက်တက်ကြွကြွ ထမ်းဆောင်လိုသော စိတ်ဓာတ်ဖြင့် ထိထိရောက်ရောက် ပီပီပြင်ပြင် စွမ်းဆောင်ပေးနိုင်မည့် စွမ်းဆောင်ရည်တို့ အစဉ်အမြဲ ထက်မြက်ခိုင်မာနေစေရအောင် မိမိတို့ကိုယ်မိမိတို့ လေ့ကျင့်ပျိုးထောင်ပြီး နိုင်ငံ့တာဝန်၊ ပညာရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်ပေးကြပါဟု ပထမဦးစွာ မှာကြားလိုကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေးအတွက် ကိုယ့်အားကိုယ်ကိုးမှုကို အခြေခံသည့် မှန်ကန်သော ကြိုးပမ်းအားထုတ်မှုဖြင့် တစ်မျိုးသားလုံး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ဤရည်မှန်းချက် ပြည့်ဝအောင်မြင်စေရေးအတွက် ပဓာနအကျဆုံး အကြောင်းအရင်းခံများဖြစ်သည့် တစ်မျိုးသားလုံး၏ စည်းလုံးညီညွတ်မှုကို အခြေခံသော တည်ငြိမ်အေးချမ်းမှု အခြေခံကောင်းများ၊ တိုင်းရင်းသား စီးပွားရေးလုပ်ငန်းများကို အခြေခံသော စီးပွားရေးအခြေခံကောင်းများ၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုကို ရေရှည်ထိန်းသိမ်းနိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်မွေးထုတ်နိုင်သည့် ပညာရေးအခြေခံကောင်းများကိုလည်း တည်ဆောက်ထားနိုင်ပြီးဖြစ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

ထို့ကြောင့် ပညာရေးကဏ္ဍက အဓိကစွမ်းအားစုများဖြစ်သည့် ဆရာ ဆရာမများအနေဖြင့် ရရှိဖြစ်ထွန်းနေပြီဖြစ်သော ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို ထိန်းသိမ်းမြှင့်တင်နိုင်စေရန်အတွက် နိုင်ငံတကာသိပ္ပံနှင့် နည်းပညာတိုးတက်ပြောင်းလဲမှုများဖြင့် ရင်ပေါင်တန်း လိုက်ပါနိုင်စေရန် အစဉ်အမြဲ ကြိုးပမ်းဆောင်ရွက်နေကြရန်လိုကြောင်း၊ တစ်ချိန်တည်းမှာပင် မိမိနိုင်ငံ၏အမျိုးသားရေးဦးတည်ချက်များ၊ မျှော်မှန်းချက်များနှင့်အညီ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံများ တိုးတက်ဖြစ်ထွန်းလာစေရအောင် ခေတ်မီသိပ္ပံနှင့်နည်းပညာရပ်များဖြင့် အထောက်အကူပြုနိုင်စေရန် ပညာရေးကဏ္ဍက တစ်ဆင့် ကြိုးပမ်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း။

ပညာရေးကဏ္ဍအနေဖြင့် မျက်မှောက်ခေတ်၏ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်စေရေးသည် ခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များ တိုးတက်ဖြစ်ထွန်းစေရန်သာမက ဝိဇ္ဇာပညာရပ်များလည်း ဟန်ချက်ညီညီတိုးတက်မြင့်မားလာစေရအောင် စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ဝိဇ္ဇာပညာရပ်များ တိုးတက်ထွန်းကားပြီး အသိပညာရှင်များ ခေတ်ကာလနှင့်တစ်ပြေးညီ ပေါ်ထွန်းနေပါမှလည်း မိမိတို့နိုင်ငံသူ နိုင်ငံသားများကို မှန်မှားကောင်းဆိုး အကျိုးအပြစ်တို့ကို ဝေဖန်ပိုင်းခြား ချင့်ချိန်နိုင်သော အသိဉာဏ်အမြော်အမြင် ဆင်ခြင်တုံတရားဖြင့် ပြည့်ဝစေမည်ဖြစ်ကြောင်း၊ **ပြည်သူအများ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်မြင့်မားပြီး ဆိုးကောင်းမှန်မှား ချင့်ချိန်နိုင်ပါမှ မြန်မာ့လူ့ဘောင်အသိုင်းအဝိုင်းသည် တရားမဲ့ပြုကျင့်မှုများ၊ ဥပဒေစည်းကမ်းဖောက်ဖျက်မှုများ ကင်းရှင်းသည့် တည်ငြိမ်အေးချမ်းပြီး သာယာမျှတသော လူ့ဘောင်အဖွဲ့အစည်းအဖြစ် တည်တံ့ခိုင်မြဲနိုင်မည်ဖြစ်ကြောင်း။**

စဉ်ဆက်မပြတ်မွေးထုတ်

အလားတူပင်နိုင်ငံတကာတွင် တိုးတက်ပြောင်းလဲနေသော သိပ္ပံနှင့်နည်းပညာရပ်များကို အချိန်နှင့်တစ်ပြေးညီရယူပြီး အရည်အသွေးမြင့်မားသည့် အတတ်ပညာရှင် နည်းပညာရှင်များ ပြည့်စုံလုံလောက်စွာ စဉ်ဆက်မပြတ်မွေးထုတ်ပေးနိုင်မှသာ မိမိနိုင်ငံ မိမိလူမျိုး နိုင်ငံတကာနှင့် ရင်ပေါင်တန်းဖွံ့ဖြိုးတိုးတက်အောင်၊ ကြွယ်ဝချမ်းသာအောင် မိမိတို့၏ ကိုယ်ပိုင်အမျိုးသားရေးစွမ်းအားဖြင့် ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း။

အထူးသဖြင့် အသိပညာရှင် အတတ်ပညာရှင် နည်းပညာရှင်များအားလုံးသည် မိမိတတ်သိကျွမ်းကျင်ရာ အသိပညာအတတ်ပညာ နည်းပညာရပ်များဖြင့် မိမိနိုင်ငံ မိမိလူမျိုး တိုးတက်ကြီးပွားရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးလိုသောစိတ်ဓာတ်၊ အခြေအနေ အချိန်အခါ အရပ်ရပ်တွင် မိမိတို့၏ အမျိုးသားရေးအကျိုးစီးပွားကို မျက်ခြည်ပြတ်မခံဘဲ ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်ပေးလိုသောစိတ်ဓာတ်တို့ နိုးကြားခိုင်မာနေစေရန် လိုအပ်ကြောင်း။

တစ်နည်းအားဖြင့် မိမိတို့၏ ပညာရပ်ဆိုင်ရာစွမ်းအားဖြင့် မိမိနိုင်ငံ မိမိလူမျိုးကို မြှင့်တင်ပေးလိုသော တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ ထက်သန်ခိုင်မာနေစေအောင် ပညာရေးကဏ္ဍက ကြိုတင်လေ့ကျင့်ပျိုးထောင်ပေးထားနိုင်မှသာ အမိနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ယှဉ်တွဲဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်အေးချမ်း သာယာဝပြောစွာဖြင့် အစွန့်ရှည်တည်တံ့ ခိုင်မြဲနိုင်မည်ဖြစ်ကြောင်း။

ချိတ်ဆက်ပေါင်းစပ်

ဤမျှော်မှန်းချက်များနှင့်အညီ နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးမြှင့်တင်မှုအစီအစဉ်များ၊ အမျိုးသားပညာရည်မြင့်မားရေးအထူး(၄)နှစ် စီမံကိန်းနှင့် အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်းတို့ကို ဆင့်ကဲဆင့်ကဲချမှတ်ပြီး အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍတို့ကို စနစ်တကျချိတ်ဆက် ပေါင်းစပ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ကြောင့် အမျိုးသားပညာရည် မြင့်မားရေးစီမံကိန်းအဆင့်ဆင့် အောင်မြင်ဖြစ်ထွန်းပြီး နိုင်ငံတော်အတွက် ရေရှည်လိုအပ်မည့် အသိပညာရှင်၊ အတတ်ပညာရှင် နည်းပညာရှင်များ ခေတ်နှင့်လျော်ညီစွာ အရည်အသွေးမြင့်မြင့်မားမားနှင့် စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရအောင်နှင့် နိုင်ငံတော်အတွင်း နိုင်ငံတကာအဆင့်မီ ဝိဇ္ဇာ သိပ္ပံပညာရပ်များနှင့် နည်းပညာရပ်များ ထွန်းကားပြန့်ပွားစေရအောင် ဆရာ ဆရာမများအားလုံးက ရည်မှန်းချက်ရှိရှိဖြင့် ကြိုးပမ်းဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

ထိန်းသိမ်းမြှင့်တင်

အမှန်တကယ်အားဖြင့် ယနေ့ မိမိတို့အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းအဆင့်ဆင့်သည် ကျောင်းသူ ကျောင်းသား လူငယ်များကို မျက်မှောက်ကာလတွင် သာမက အနာဂတ်ကာလတွင် ရင်ဆိုင်ကြုံတွေ့ရမည့် စိန်ခေါ်မှုအမျိုးမျိုးကို ရင်ဆိုင်ဖြေရှင်းပေးနိုင်သော အသိပညာ အတတ်ပညာနှင့် ကျွမ်းကျင်မှုများ ရရှိစေရုံသာမက ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်အစဉ်အလာများနှင့် လူမှုတန်ဖိုးများကိုပါ လေးစားမြတ်နိုး ထိန်းသိမ်းမြှင့်တင်လိုသည့် စိတ်ဓာတ်စွမ်းအားများကိုပါ ယှဉ်တွဲတည်ဆောက်ပေးနေသော အစီအမံများပင် ဖြစ်ကြောင်း။

ထို့ကြောင့် ဆရာ ဆရာမများအနေဖြင့် ကျောင်းသူ ကျောင်းသား လူငယ်များ၏ စိတ်ဓာတ်နှင့် ကိုယ်ကျင့်တရားမြင့်မားရေး၊ အမျိုးသားယဉ်ကျေးမှုနှင့် လူမှုတန်ဖိုးများကို လေးစားမြတ်နိုးရေး၊ မိမိရပ်ရွာ မိမိဒေသကစ၍ ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်စေရအောင် ကြိုးပမ်းစွမ်းဆောင်ပေးလိုသော မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာရေးတို့အတွက်ပါ စေတနာထားလေ့ကျင့်ပျိုးထောင်ပေးကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

အောင်မြင်ဖြစ်ထွန်းစပြုနေ

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီးတစ်ရပ်လုံး တစ်ဆက်တစ်စပ်တည်း ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရအောင် နယ်ပယ်ကဏ္ဍစုံတွင် စနစ်တကျစီမံကိန်းများ ချမှတ်ဆောင်ရွက်နေသည့်အတွက် ယနေ့အချိန်အခါတွင် နိုင်ငံနှင့်အဝန်း၌ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ အောင်မြင်ဖြစ်ထွန်းစ ပြုနေပြီဖြစ်ပါကြောင်း။

နယ်မြေဒေသတိုင်းတွင် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရန် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွားရေးလုပ်ငန်းများ တိုးတက်မြင့်မားစေရန်အတွက် ရပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများဖြစ်သည့် လမ်းမကြီးများ၊ မြစ်ကူး ချောင်းကူးတံတားကြီးများ၊ ဆည်မြောင်းတာတမံကြီးများ၊ လေယာဉ်ကွင်းကြီးများ၊ လျှပ်စစ်နှင့်စွမ်းအင်စီမံကိန်းကြီးများ အစီအရီ ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

အလားတူပင် နယ်မြေဒေသတိုင်းတွင် စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များ၊ ဆေးရုံကြီးများစသည့် လူမှုရေးတိုးတက်ဖြစ်ထွန်းမှုဆိုင်ရာ အခြေခံအဆောက်အအုံများ အလုံးအရင်းဖြင့် ပေါ်ထွန်းလာနေပြီဖြစ်ကြောင်း။

နယ်စပ်ဒေသများ အပါအဝင် ဝေးလံခေါင်ဖျားဒေသများနှင့် ကျေးလက်ဒေသများ၌ အခြေခံပညာကျောင်းများ၊ ဆေးရုံနှင့်ဆေးပေးခန်းများ၊ ကျေးလက်ကျန်းမာရေးဌာနများ အပါအဝင် ပြည်သူအများ၏ ပညာရေး၊ ကျန်းမာရေး အခြေခံလိုအပ်ချက်များကို တတ်စွမ်းသရွေ့ ဖြည့်ဆည်းပေးထားသည့်အပြင် ပြည်နယ်နှင့်တိုင်း ၁၄ခု၌ ဖြန့်ကြက်တည်ရှိနေသော ဖွံ့ဖြိုးရေးအထူးဒေသကြီးတိုင်းတွင် အထူးကုဆေးရုံကြီးများ၊ တက္ကသိုလ်ကောလိပ်များ၊ နည်းပညာကောလိပ်နှင့် ကွန်ပျူတာကောလိပ်များကို ထည့်သွင်းတည်ဆောက်ပေးထားပြီးဖြစ်ကြောင်း။

နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်နှင့်မြို့ပြ ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ကျဉ်းမြောင်းပပျောက်ရေးကို နိုင်ငံတော်အစိုးရအနေဖြင့် မူဝါဒတစ်ရပ်အဖြစ်ထားရှိပြီး စနစ်တကျ စီမံကိန်းများချမှတ် အကောင်အထည်ဖော်ပေးလျက်ရှိသည့်အတွက် နယ်စပ်ဒေသများအပါအဝင် ကျေးလက်ဒေသများ၏ တည်ငြိမ်အေးချမ်းသာယာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများသည် မည်သည့်ခေတ် မည်သည့်ကာလနှင့်မျှ မနှိုင်းယှဉ်သာအောင် အောင်မြင်ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

ဖွင့်လှစ်ပေးထား

ကျေးလက်ဒေသများ၌ မူလတန်း ပညာသာမက အလယ်တန်းပညာနှင့် အထက်တန်းပညာတို့ကိုပါ လက်လှမ်းတမီ သင်ယူနိုင်စေရအောင် မူလတန်းကျောင်း ၃၀၄၀၈ ကျောင်း၊ မူလတန်းလွန်ကျောင်း ၅၅၄၅ ကျောင်း၊

အလယ်တန်းကျောင်း ၂၆၀၅ကျောင်းနှင့် အထက်တန်းကျောင်း ၁၉၆၇ကျောင်း၊ စုစုပေါင်းအခြေခံပညာကျောင်း ၄၀၅၂၅ ကျောင်းကို နိုင်ငံတစ်နံတစ်လျားတွင် ဖွင့်လှစ်ပေးထားပြီး ဖြစ်ကြောင်း။

ထို့အပြင် နယ်မြေဒေသအသီးသီး၌ရှိသည့် အခြေခံပညာကျောင်းများတွင် e-Education Learning Centreများ ဖြန့်ကြက် ထူထောင်ပေးထားသကဲ့သို့ Multi-Media စာသင်ခန်းများလည်း ဖွင့်လှစ်ပေးထားသည့်အတွက် ဗဟိုက ပို့ချသောသင်ခန်းစာများကို နယ်မြေဒေသအသီးသီးက ကျောင်းသူ ကျောင်းသားများသည် ရုပ်မြင်သံကြားကတစ်ဆင့်၊ တိပ်ခွေ၊ VCD-CD Rom တို့က တစ်ဆင့် တစ်ပြေးညီ လေ့လာသင်ယူခွင့် ရရှိနေပြီဖြစ်ကြောင်း။

၎င်းသည် ကျောင်းနှင့် ကျောင်းဆရာကို ကျောင်းသူ ကျောင်းသားများထံ အရောက်ပို့ပြီး ကျေးလက်နှင့် မြို့ပြ ပညာသင်ယူနိုင်မှု အခွင့်အလမ်း တဖြည်းဖြည်း ညီမျှလာစေရန် စနစ်တကျ စီမံဆောင်ရွက်ပေးနေခြင်းပင် ဖြစ်ကြောင်း၊ တစ်နည်းပြောရလျှင် ပညာရေး၊ ကျန်းမာရေးကအစ နယ်မြေဒေသအားလုံး တစ်ဆက်တစ်စပ်တည်း ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်မှန်း ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

တက်တက်ကြွကြွအားထုတ်

ထို့ကြောင့် ဆရာ ဆရာမများအားလုံးက ဤရည်မှန်းချက်များ ပြည့်မြောက်အောင်မြင်စေရအောင် မိမိတို့ တာဝန်ကျရာအရပ်ဒေသများ၌ ရည်မှန်းချက်ရှိရှိဖြင့် ထက်ထက်သန်သန် တက်တက်ကြွကြွ အားထုတ်ကြိုးပမ်း ဆောင်ရွက်ကြရန်လိုအပ်ပါသည်ဟု ပြောကြားလိုကြောင်း။

ယင်းအတွက် ဆရာ ဆရာမတို့အနေဖြင့် မိမိတာဝန်ကျရာ နယ်မြေဒေသအတွင်း စာတတ်မြောက်သူ တိုးပွားပြီး စာမတတ်သူ လျော့နည်းပပျောက်သွားစေရအောင်၊ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်စေရအောင်၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်း အဆင့်ဆင့်ကူးပြောင်းပြီး အထက်တန်းပညာ ဆုံးခန်းတိုင် သင်ယူနိုင်စေရအောင် ကျောင်းသား ကျောင်းသူ လူငယ်များနှင့်တကွ မိဘပြည်သူများကိုပါ စည်းရုံးဦးဆောင် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ထို့အပြင် မိမိတို့၏တပည့် ကျောင်းသား ကျောင်းသူ လူငယ်များကို သာမက ဒေသခံပြည်သူများကိုလည်း အသိအမြင် ဗဟုသုတကြွယ်ဝအောင် အမြင်ကျယ်အောင် ပညာပေးစည်းရုံးပြီး ကျေးလက်ဒေသ၏ အခြေခံစီးပွားရေး ဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေးလုပ်ငန်းများကို ခေတ်နှင့်ညီအောင်၊ ဖွံ့ဖြိုးအောင် ကူညီဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ဤနည်းအားဖြင့် ပြည်သူလူထု၏ အသက်မွေးမှုအခြေခံများကို မြှင့်တင်ပေးကြရမှာဖြစ်ကြောင်း။

လုံးလုံး ညီညီညွတ်ညွတ်ဖြင့် လက်တွဲကြိုးပမ်း ဆောင်ရွက်ရမည့် အချိန်အခါကောင်းကို ရောက်ရှိနေပြီဖြစ်ကြောင်း။

ဤသို့သောအချိန်အခါတွင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်နေသည်ကို မရှုဆိတ်နိုင်သည့် အဖျက်သမားများသည် နိုင်ငံတော် အေးချမ်းသာယာမှု ပျက်ပြားအောင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အဓိကပစ်မှတ်ထား သွေးခွဲသပ်လျှိုလျက်ရှိသည်ကိုလည်း ဆရာ ဆရာမများ သတိပြုမိကြမည်မှာ အမှန်ပဲဖြစ်ကြောင်း၊ ယင်းအဖျက်သမားများသည် တိုင်းရင်းသားလူမျိုးများအကြားတွင် တစ်ယူသန် လူမျိုးရေးအစွဲအလမ်းများနှင့် အယူဝါဒရေး၊ ဂိုဏ်းဂဏရေးကွဲပြားမှုများ ပြန်လည်ခေါင်းထောင်လာအောင် စနစ်တကျ လုပ်ကြံဖန်တီး သွေးထိုးသပ်လျှိုလျက်ရှိသည့်အတွက် ယင်းလုပ်ကြံဖန်တီး သွေးခွဲသပ်လျှိုမှုများ၏ ဆိုးညစ်သည့် ရည်ရွယ်ချက်နှင့် ကြီးမားသည့်အန္တရာယ်ကို ဒေသခံတိုင်းရင်းသား ပြည်သူများအားလုံးက အမြင်ရှင်းရှင်းဖြင့် သိမြင်နိုင်ရန်နှင့် ပြည်ထောင်စုစိတ်ဓာတ်အခြေခံဖြင့် ဖယ်ရှားနိုင်စေရန် ဆရာ ဆရာမများက ပညာပေးစည်းရုံးမှုများကို စဉ်ဆက်မပြတ် နိုးကြားစွာ ဆောင်ရွက်နေကြရန် လိုအပ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် သမိုင်း၏ ဆိုးမွေများဖြစ်သည့် တစ်ယူသန်လူမျိုးရေးအစွဲအလမ်းများ၊ အုပ်ကွဲသင်းကွဲဝါဒများ၊ အယူဝါဒရေး၊ ဂိုဏ်းဂဏရေး၊ ပုဂ္ဂိုလ်ရေးအခြေခံသည့် စိတ်ဝမ်းကွဲပြားမှုများ မြန်မာ့မြေပေါ်မှ အပြီးတိုင် ဖယ်ရှားပစ်နိုင်စေရန်နှင့် စည်းလုံးညီညွတ် စုစည်းခိုင်မာသည့် ပြည်ထောင်စုကြီးအဖြစ် အစဉ်ထာဝရ ခိုင်မြဲနေစေရန်အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး တစ်မျိုးသားလုံး၏ ပူးပေါင်းပါဝင်မှုဖြင့် အောင်အောင်မြင်မြင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

လုံးဝဥသုံတည်မှီ

နိုင်ငံတော်ကြီးကို တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့် ပြည်ထောင်စုကြီးအဖြစ် အစဉ်ထာဝရ တည်တံ့ခိုင်မြဲစေရန် ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးသည် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ပြည့်မြောက်ရေးအပေါ်တွင် လုံးဝဥသုံတည်မှီလျက်ရှိကြောင်း။

ယင်းမူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ တိုင်းရင်းသားလူမျိုးအားလုံး၏ စည်းလုံးညီညွတ်မှု၊ တန်းတူရည်တူရှိမှု၊ မျှတစွာ ဖွံ့ဖြိုးတိုးတက်မှု၊ အစဉ်ထာဝရ ပေါင်းစည်းလက်တွဲမှုတို့ကို ရေရှည်အာမခံနိုင်မည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ထွန်းလာစေရန် အမျိုးသားညီလာခံကြီးကို ကျင်းပပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယခုအခါတွင် အမျိုးသားညီလာခံကြီး၏ အပိုင်းကဏ္ဍတစ်ရပ် ထပ်မံပြီး အောင်အောင်မြင်မြင် ပြီးဆုံးခဲ့ပြန်ပြီဖြစ်ကြောင်း။

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် သင်တန်းသား သင်တန်းသူ အခြေခံပညာ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကျန်းမာရေးနှင့်ညီညွတ်သည့် နေထိုင်စားသောက်မှုပုံစံဖြစ်လာရေးက အစ လူမှုဘဝမြင့်မားရေး၊ ကျေးလက်စီးပွားတိုးတက်ရေးတို့ကို ဦးစီးဆောင်ရွက်ပေးရင်း ကျေးလက်နှင့် မြို့ပြ ဆင်းရဲချမ်းသာကွာဟမှု လျော့နည်း ကျဉ်းမြောင်းသွားအောင် ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ပညာပေးစည်းရုံး

ဆရာဆိုတာ တပည့်များမှတစ်ဆင့် လူထုနှင့် နေ့စဉ်ထိတွေ့နေရသည့်အပြင် လူထုအပေါ် ကောင်းသောဩဇာသက်ရောက်နိုင်သည့် ပုဂ္ဂိုလ်များဖြစ်ကြောင်း၊ ဤကောင်းသောဩဇာကို ရပ်ရွာကောင်းကျိုး၊ ပြည်သူ့အကျိုးသယ်ပိုးဆောင်ရွက်သည့်စေတနာ လုပ်ရပ်နှင့်ပေါင်းစပ်ပြီး ရပ်ရွာဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများကိုယ်တိုင် ကြိုးစားဆောင်ရွက်လာနိုင်ကြစေရန် ပညာပေးစည်းရုံးကြရမှာဖြစ်ကြောင်း။

တိုင်းရင်းသားလူမျိုးများစွာဖြင့် ပေါင်းစည်းဖြစ်တည်နေသည့် မိမိတို့နိုင်ငံတော်မှာ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုစွမ်းအားဖြင့် ပြည်ထောင်စုစိတ်ဓာတ်စွမ်းအားတို့သည် အရာရာကို ပိုင်းဖြတ်ဆုံးဖြတ်ပေးလျက်ရှိကြောင်း၊ ဤစိတ်ဓာတ်စွမ်းအားများဖြင့်သာ နိုင်ငံတော်ကို တည်ငြိမ်အေးချမ်းအောင်၊ ဖွံ့ဖြိုးတိုးတက်အောင်၊ တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်နိုင်မှာဖြစ်ကြောင်း။

အချိန်အခါကောင်းရောက်ရှိနေ

ယနေ့အချိန်အခါကာလသည် စည်းလုံးညီညွတ်သည့် ပြည်ထောင်စုစိတ်ဓာတ်စွမ်းအား အပြည့်အဝဖြင့် မိမိရပ်ရွာ၊ မိမိဒေသ၊ မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဘိုးဘွားအမွေဖြစ်သည့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲစေရန် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး စည်းစည်း

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်အဆင့်ဆင့်၏ အဆင့်တိုင်း အဆင့်တိုင်း ရည်မှန်းချက်များနှင့်အညီ အောင်မြင်ဖြစ်ထွန်းမှသာ ပြည်ထောင်စုကြီး၏ ရှေ့ရေးစိတ်အေးရမည်ဖြစ်သည့်အတွက် ဆရာ ဆရာမများအနေဖြင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်အဆင့်ဆင့် အောင်မြင်ဖြစ်ထွန်းစေရန် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ကျရာကဏ္ဍက ပါဝင်ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ကာကွယ်စောင့်ရှောက်

နိုင်ငံတကာအဆင့်မီ ဝိဇ္ဇာနှင့်သိပ္ပံပညာရပ်များ တတ်သိကျွမ်းကျင်သည့် အသိပညာရှင် အတတ်ပညာရှင်များ ပေါ်များလာမှသာ အမိနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရန် တည်ဆောက်နိုင်စွမ်းရှိမှာဖြစ်သကဲ့သို့ ပြည်သူများ ပညာရည်မြင့်မားပြီး အသိဉာဏ်ဗဟုသုတ ပြည့်စုံကြွယ်ဝမှသာ မိမိနိုင်ငံမိမိ ကာကွယ်စောင့်ရှောက်နိုင်မှာ ဖြစ်ကြောင်း။

ထို့ကြောင့် ဆရာ ဆရာမများအားလုံးက မိမိတို့၏တပည့် ကျောင်းသား ကျောင်းသူလူငယ်များကို မိမိနိုင်ငံ မိမိတည်ဆောက်နိုင်စွမ်းရှိသည့် ပညာရည်နှင့် ပြည့်စုံစေရန် ဤပညာရည်စွမ်းအားကို နိုင်ငံဖွံ့ဖြိုးရေးအတွက် အပြုသဘောအသုံးပြုတတ်သည့် နိုင်ငံ့သားကောင်း သမီးမွန်များ ဖြစ်လာစေရန် လေ့ကျင့်ပျိုးထောင်ပေးကြရန် မှာကြားလိုကြောင်း။

အမျိုးသားရေးအကျိုးစီးပွားကိုထိန်းသိမ်းစောင့်ရှောက်

- **နိုင်ငံတကာတွင် တိုးတက်ပြောင်းလဲနေသော သိပ္ပံနှင့်နည်းပညာရပ်များကို အချိန်နှင့်တစ်ပြေးညီရယူပြီး အရည်အသွေးမြင့်မားသည့် အတတ်ပညာရှင် နည်းပညာရှင်များ ပြည့်စုံလုံလောက်စွာ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်မှသာ မိမိနိုင်ငံ မိမိလူမျိုး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်အောင်၊ ကြွယ်ဝချမ်းသာအောင် မိမိတို့၏ ကိုယ်ပိုင်အမျိုးသားရေးစွမ်းအားဖြင့် ဖော်ဆောင်ပေးနိုင်မည်ဖြစ်။**
- **အသိပညာရှင် အတတ်ပညာရှင် နည်းပညာရှင်များအားလုံးသည် မိမိတတ်သိကျွမ်းကျင်ရာ အသိပညာအတတ်ပညာ နည်းပညာရပ်များဖြင့် မိမိနိုင်ငံ မိမိလူမျိုး တိုးတက်ကြီးပွားရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးလိုသောစိတ်ဓာတ်၊ အခြေအနေ အချိန်အခါ အရပ်ရပ်တွင် မိမိတို့၏ အမျိုးသားရေး အကျိုးစီးပွားကို မျက်ခြည်ပြတ်မခံဘဲ ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်ပေးလိုသောစိတ်ဓာတ်တို့ နိုးကြားခိုင်မာနေ စေရန် လိုအပ်။**

တစ်ချိန်တည်းမှာပင် မိမိတို့၏ တပည့်ကျောင်းသား ကျောင်းသူ လူငယ်များအပါအဝင် မိမိတို့တာဝန်ကျရာ အရပ်ဒေသရှိ တိုင်းရင်းသားပြည်သူများအကြား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ မျှဝေခံစားရေး စိတ်ဓာတ်၊ တည်ငြိမ်အေးချမ်းရေးစိတ်ဓာတ်၊ နိုင်ငံတည်ဆောက်ရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ထွန်းကားပြန့်ပွား ထက်သန်ခိုင်မာစေရန် စည်းရုံးဆောင်ရွက်ပေးကြပါဟု တစ်ဆက်တည်း မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ–

- **အမျိုးသားပညာရည်မြင့်မားရေး ရည်မှန်းချက်များ အောင်မြင်ပြည့်မြောက်စေရန် ကြိုးပမ်းဆောင်ရွက်ရင်း မိမိတာဝန်ကျရာ ရပ်ရွာဒေသ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံများ၏ လူမှုစီးပွားရေးဘဝတိုးတက်မြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကိုယ်စွမ်း ဉာဏ်စွမ်း ရှိသရွေ့ ကြိုးပမ်းဆောင်ရွက်ပေးကြပါ၊**
- **ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူများအကြား တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် အခြေခံကောင်းများ ပွားများဖြစ်ထွန်းစေရန် စည်းရုံးဦးဆောင် ဆောင်ရွက်သွားကြပါ၊**
- **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ပေါ်ဖြစ်ထွန်းလာစေရန် အမျိုးသားရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာစွာဖြင့် ကျရာအခန်းကဏ္ဍက ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြပါ**

ဟု ပြောကြားသွားသည်။

ဆုများချီးမြှင့်

ထို့နောက် သင်တန်းသား သင်တန်းသူများအား ဆုချီးမြှင့်ခြင်းအစီအစဉ်ကိုကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က သင်တန်းသား စံပြဆုရ သင်တန်းသားအမှတ် အီး(၄၃) မကွေးတိုင်း ပွင့်ဖြူမြို့နယ် အခြေခံပညာမူလတန်းကျောင်းမှ မူလတန်းပြဆရာ ဦးအောင်ဖုန်းဇော်၊ သင်တန်းသူ စံပြဆုရ သင်တန်းသူ အမှတ် စီ(၅၃) မကွေးတိုင်း နတ်မောက်မြို့နယ် ဖန်ခါးစမ်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ အလယ်တန်းပြဆရာမ ဒေါ်စန္ဒာမြင့်အားလည်းကောင်း၊ သင်တန်းသား ဖွဲလုံ့လဆုရ သင်တန်းသား အမှတ် အီး(၈၁) မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ် နတ်မြှောင်းရွာ အခြေခံပညာမူလတန်းကျောင်းမှ မူလတန်းကျောင်းအုပ် ဦးသက်ထွန်း၊ သင်တန်းသူ ဖွဲလုံ့လဆုရ သင်တန်းသူအမှတ် စီ(၃၂) မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် ကင်ပွန်းတောင်အခြေခံပညာမူလတန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်ခင်သန်းနွဲ့နှင့် သင်တန်းသူအမှတ် ဒီ(၉၉) စစ်ကိုင်းတိုင်း ရေဦးမြို့နယ် မစိုးရိမ်ရွာ အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမြင့်တို့အားလည်းကောင်း ဆုများချီးမြှင့်သည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)က စံပြအဆောင်ဆုရရှိသော အမျိုးသား အမှတ်(၁)တပ်ခွဲ၊ အဆောင်(၅)နှင့် အမျိုးသမီးအမှတ်(၁)တပ်ခွဲ၊ အဆောင်(၂)တို့ကိုလည်းကောင်း၊ သင်တန်းဆင်း အောင်လက်မှတ်များကို တပ်ခွဲအလိုက် သင်တန်းသားခေါင်းဆောင်၊ ဒုတိယသင်တန်းသားခေါင်းဆောင်များမှတစ်ဆင့် သင်တန်းသား သင်တန်းသူများအား လည်းကောင်း ပေးအပ်သည်။

ထို့နောက် အခြေခံပညာဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၄)မှ သင်တန်းသား သင်တန်းသူဆရာ ဆရာမများက လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်အတွက် အလှူငွေ၊ စွယ်တော်မြတ်စေတီတော် (မန္တလေး)အတွက် လှူဒါန်းငွေ၊ ပုဂံရှေးဟောင်းဘုရားပုထိုးများ ပြုပြင်ထိန်းသိမ်းရန်အတွက် လှူဒါန်းငွေ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွက်လှူဒါန်းငွေ၊ အမျိုးသားညီလာခံအတွက် ဂုဏ်ပြုလှူဒါန်းငွေနှင့် ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အတွက် အလှူငွေအပါအဝင် အလှူငွေစုစုပေါင်း ကျပ်၅၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ အတွင်းရေးမှူး(၁)က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ သင်တန်းဆင်း အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သင်တန်းဆင်းပွဲအခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်း သင်တန်းသား သင်တန်းသူ အခြေခံပညာ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

ပြိုင်ပွဲဖွင့်လှစ်ပေး

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ၂၀၀၅ ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ အမှတ်(၁)စက်မှုဝန်ကြီးဌာန

၂၀၀၅ ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် Tracer Ball ရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဦးအောင်သောင်းတို့က Tracer Ball များရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်ကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ပါဝင်ကစားကြသည်။

ယင်းနောက် ပြိုင်ပွဲဝင်အသင်း ၃၃သင်းတို့မှဂေါက်သီးရိုက်အားကစားသမားများသည် ၂၀၀၅ခုနှစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပထမနေ့ ၁၈ ကျင်းကို စတင်ယှဉ်ပြိုင်ကြပြီး ညနေပိုင်းတွင် ပထမနေ့ပြိုင်ပွဲကို ရပ်နားလိုက်သည်။

ဆက်လက်ကျင်းပ

၂၀၀၅ ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလားဂေါက်သီးရိုက်ပြိုင်ပွဲကို ဒုတိယနေ့နှင့် နောက်ဆုံးနေ့အဖြစ် ဖေဖော်ဝါရီ ၅ ရက် နံနက် ၆ နာရီတွင် မန္တလေးမြို့ ရေတံခွန်တောင် ဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။

အဆိုပါ ဒုတိယနေ့နှင့် နောက်ဆုံးနေ့ပြိုင်ပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဂေါက်သီးရိုက်အသင်း ၃၃ သင်းတို့မှ အားကစားသမားများ တက်ရောက်ကြသည်။

ထို့နောက် ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့နှင့် နောက်ဆုံးနေ့ပြိုင်ပွဲကို ကျင်းပရာ ပြိုင်ပွဲဝင်အသင်း ၃၃ သင်းတို့မှ ဂေါက်သီးရိုက်အားကစားသမားများသည် သတ်မှတ်ပွဲစဉ်များအတိုင်း ဆက်လက်ယှဉ်ပြိုင်ကြပြီး

၂၀၀၅ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် Tracer Ball ရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ပွဲစဉ်များအားလုံး ညနေပိုင်းတွင် ကျင်းပပြီးစီးသွားသည်။

ဆုများပေးအပ်ချီးမြှင့်

ယင်းနောက် ၂၀၀၅ ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ညနေ ၆ နာရီတွင် ရေတံခွန်တောင်ဂေါက်ကွင်း၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်ခြင်း အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှတာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များနှင့်ပြိုင်ပွဲဝင်ဂေါက်သီးရိုက်အသင်း ၃၃ သင်းတို့မှ အားကစားသမားများ တက်ရောက်ကြသည်။

ညှော့ခံဖျော်ဖြေ

ဆုချီးမြှင့်ခြင်း အခမ်းအနားမစတင်မီ တေးသံရှင်များက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ခေတ်ပေါ်တေးဂီတ အဖွဲ့နှင့်တွဲဖက်၍ တေးသံသာများဖြင့် သီဆိုညှော့ခံဖျော်ဖြေကြသည်။

ယင်းနောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကိုကျင်းပရာ ရှေးဦးစွာ ၂၀၀၅ ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ အမှတ်(၁) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းက ပြိုင်ပွဲကျင်းပခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆုဖလားကြီးပေးအပ်ချီးမြှင့်

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်စား နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ၂၀၀၅ ခုနှစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ အသင်းလိုက် (အကျော့ပေး)ပြိုင်ပွဲ ပထမနှင့် အသင်းလိုက် (အကျော့မဲ့)ပြိုင်ပွဲ ပထမရရှိသွားသည့်ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ အသင်းခေါင်းဆောင်အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဆုဖလားကြီးများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အသင်းလိုက် (အကျော့ပေး)ပြိုင်ပွဲတွင် တတိယဆုရ ဝန်ကြီးချုပ်ရုံးအသင်း၊ ဒုတိယဆုရ ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ ပထမဆုရ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် အသင်းလိုက် (အကျော့မဲ့)ပြိုင်ပွဲတွင် တတိယဆုရ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်း၊ ဒုတိယဆုရ ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ ပထမဆုရ ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့အား ဆုများကိုပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌအမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းက ပြိုင်ပွဲတွင် ကူညီပံ့ပိုးသည့် ရန်ကုန်မြို့တော်ဂေါက်ကွင်းမှ Marker များကိုယ်စား အုပ်ချုပ်ရေးမှူးအား ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ အကောင်းဆုံးအရှုံးသမား (အကျော့ပေး) နှင့် အကောင်းဆုံးအရှုံးသမား(အကျော့မဲ့) ရရှိသည့် အသင်းများအားဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

၂၀၀၅ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲတွင် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် Tracer Ball ရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

၂၀၀၅ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲတွင် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်း Tracer Ball ရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

၂၀၀၅ ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားတွင် တက်ရောက်ကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၁၀ မှ

ဆုချီးမြှင့်

ထို့နောက် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က Most Eagle၊ Most Birdie၊ Most Par၊ Longest Drive နှင့် Nearest Pin ရသူများ၊ တစ်ဦးချင်း (အကျောပေး) ပြိုင်ပွဲ၌ ပထမ၊ဒုတိယ၊တတိယ ရသူများနှင့်တစ်ဦးချင်း(အကျောမဲ့) ပြိုင်ပွဲ၌ ပထမ၊ ဒုတိယ၊ တတိယရသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဝန်ကြီးများနှင့် မန္တလေးမြို့တော်ဝန်တို့က အသင်းလိုက် အကောင်းဆုံးရိုက်ချက်ရရှိသူများနှင့် တစ်ဦးချင်း(အကျောပေး) ပြိုင်ပွဲ၌ အဆင့် ၄ မှ ၂၀ အထိရရှိသူများအား ဆုများကိုပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဆွတ်ခူးရရှိသွားသော ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ အားကစားသမားများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

၂၀၀၅ ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလားဂေါက်သီးရိုက်ပြိုင်ပွဲတွင် အသင်းလိုက် (အကျောမဲ့) ပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၄၇၆ ချက်ဖြင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပထမ၊ စုစုပေါင်းရိုက်ချက် ၄၇၉ ချက်ဖြင့် ပြည်ထဲရေးဝန်ကြီးဌာန အသင်းက ဒုတိယနှင့် စုစုပေါင်းရိုက်ချက် ၄၉၆ချက်ဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန အသင်းက တတိယရရှိကြသည်။

တစ်ဦးချင်း(အကျောပေး)ပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၁၂၃ ချက်ဖြင့် ပြည်ထဲရေးဝန်ကြီးဌာန အသင်းမှ ဦးမြင့်လွင်က ပထမ၊ စုစုပေါင်းရိုက်ချက် ၁၂၄ ချက်ဖြင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ဗိုလ်မှူးတက်လွင်ထွန်းက ဒုတိယနှင့် စုစုပေါင်းရိုက်ချက် ၁၂၈ ချက်ဖြင့် ကာကွယ်ရေးဝန်ကြီး ဌာနအသင်းမှ ဒုတိယဗိုလ်မှူးကြီး မင်းဇော်က တတိယရရှိကြသည်။

တစ်ဦးချင်း(အကျောမဲ့)ပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၁၅၆ ချက်ဖြင့် ကာကွယ်ရေးဝန်ကြီးဌာန အသင်းမှ ဗိုလ်မှူးမောင်မောင်မြင့်က ပထမ၊ စုစုပေါင်းရိုက်ချက် ၁၅၈ ချက်ဖြင့် ပြည်ထဲရေးဝန်ကြီးဌာန အသင်းမှ ဦးမြင့်ဆွေက ဒုတိယနှင့် စုစုပေါင်းရိုက်ချက် ၁၅၉ ချက်ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ ဦးမြင့်လွင်က တတိယရရှိကြသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်အသင်းလိုက် (အကျောပေး)ပြိုင်ပွဲတွင် ပထမဆုရ ကာကွယ်ရေးဝန်ကြီးဌာနအသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

အနာကြီးရောဂါကင်းဝေးရေးအထိမ်းအမှတ်နေ့ အခမ်းအနားကျင်းပ ဝန်ကြီးဒေါက်တာကျော်မြင့် တက်ရောက်အဖွင့်အမှာစကားပြောကြား

ရန်ကုန် ဖေဖော်ဝါရီ ၆

ကျန်းမာရေးဝန်ကြီးဌာနနှင့် International Medical Centre of Japan (IMCJ) အဖွဲ့တို့ပူးပေါင်းကျင်းပသည့် တတိယအကြိမ်မြောက် အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်နေ့အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာစီးပွားရေးဇဟိုဌာန အဆောက်အအုံခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ ပြည်တွင်းပြည်ပ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ JICAအဖွဲ့မှ ဌာနေကိုယ်စားလှယ်နှင့် IMCJ အဖွဲ့မှ အထူးဧည့်သည်တော်များ၊ ပြည်နယ်နှင့်တိုင်း ကျန်းမာရေးဦးစီးဌာနများမှ အခြေခံ ကျန်းမာရေးဝန်ထမ်းများ၊ စာနယ်ဇင်း၊ ရုပ်ရှင်၊ ဂီတအဖွဲ့များမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့် အမှာစကားပြောကြားသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍အခြေခံပညာအဆင့် အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲဆုချီးမြှင့်ခြင်းကိုကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်က ပထမ၊ ဒုတိယ၊ တတိယဆုရကျောင်းသားများအားလည်းကောင်း၊ IMCJ မှ ဒေါက်တာ Mitsuyoshi Maeda က နှစ်သိမ့်ဆုရ ကျောင်းသားများအားလည်းကောင်း ဆုများအသီးသီး ပေးအပ် ချီးမြှင့်ကြသည်။

ထို့နောက် ကျန်းမာရေးဦးစီးဌာန အနာကြီးရောဂါ တိုက်ဖျက်ရေးစီမံချက် ဗဟိုကျန်းမာရေးပညာဌာနမှ ရိုက်ကူးထုတ်လွှင့်သည့်အနာကြီးရောဂါကင်းဝေးရေး အသိပညာပေး "မြူတိမ်ကင်းသောနေ့" ဗီဒီယိုဇာတ်လမ်းကို ပြသပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှု

အခမ်းအနားအပြီးတွင် ဝန်ကြီးဒေါက်တာကျော်မြင့်နှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း ပြသထားသော အနာကြီးရောဂါကင်းဝေးရေး အသိပညာပေးပြခန်းကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် တတိယအကြိမ်မြောက် အနာကြီးရောဂါကင်းဝေးရေးအထိမ်းအမှတ် စာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပသည်။

(သတင်းစဉ်)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဖေဖော်ဝါရီ ၆

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း(ငွေသော်တာကွင်း)၌ ဖေဖော်ဝါရီ၅ရက်က P.G.Gအဖွဲ့ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ဦးမျိုးသိန်း(မျိုးသိမ်းပွဲရုံ)သည် ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၁၆)သို့ ၁၃၃ကိုက်အကွာမှ Pre-cept No-22 ဘောလုံးကို King Cobra No-9တုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့သည်။

ထိုအချိန်တွင် ကစားဖော်များဖြစ်ကြသော ဒေါက်တာဟံဝင်း၊ ဦးမြင့်အောင်၊ ဦးအောင်ခင်ဆင့်တို့နှင့်အတူ ကစားခဲ့ကြောင်းသိရသည်။

(မြန်မာ့အလင်း)

ပြည်ထောင်စုနေ့ကိုယ်စားလှယ်များနှင့် ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့ဝင်များဆက်လက်ရောက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၆

ရန်ကုန်မြို့၌ကျင်းပမည့် ၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ရန် ပြည်နယ်၊ တိုင်းများမှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့်ယဉ်ကျေးမှုကိုယ်စားလှယ် အဖွဲ့ဝင်များသည် ယနေ့တွင် ရထားနှင့် လေကြောင်းခရီးစဉ်များဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

ကြိုဆို

ထိုကဲ့သို့ ရောက်ရှိကြရာတွင် စစ်ကိုင်းတိုင်းမှ ကိုးဦးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ခြောက်ဦးတို့သည် ရထားဖြင့်လည်းကောင်း၊ ကယားပြည်နယ်မှ ၃၇ ဦးနှင့် ရခိုင်ပြည်နယ်မှ ၄၉ ဦးတို့သည် လေကြောင်းခရီးဖြင့် လည်းကောင်း ရောက်ရှိလာကြရာ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးတင်ကြိုင်နှင့် ကော်မတီဝင်များ၊ တာဝန်ရှိသူများက ကြိုဆိုကြပြီး မော်တော်ယာဉ်များဖြင့် တည်းခိုဆောင်များသို့ ပို့ဆောင် နေရာချထားပေးကြသည်။

(သတင်းစဉ်)

မောင်းထောင့်စေတီတော်အုတ်မြစ်စိ မင်္ဂလာကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၆

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် တန်းလွဲချောင်း ရွာမကျေးရွာအနီးရှိ မောင်းထောင့်တောင်ပေါ်တွင် အေဒီ ၃၂၀(သုံးရာစု) ဒွေဝတီခေတ်တွင်ထုလုပ်ကိုးကွယ်ခဲ့သောဉာဏ်တော်ခြောက်ပေသုံးလက်မရှိ ဘူမိဖဿနမုဒြာ ရှေးဟောင်းကျောက်ညို ရုပ်ပွားတော်ကိုငုံလျက် ဂန္ဓကုဋိတိုက်အပါအဝင် ဉာဏ်တော်၂၄တောင်(၃၆ပေ) အမြင့်ရှိ စေတီတော်ကို အသစ်တစ်ဖန်ပြန်လည်တည်ထားရန်အတွက် မြေသန့်မင်္ဂလာကို ၁၃၆၇ခုနှစ် တပို့တွဲလဆန်း၇ရက်(စနေနေ့)နံနက်၉နာရီ ၁၈မိနစ်တွင် ပြုလုပ်ခဲ့ပြီး အုတ်မြစ်စိမင်္ဂလာကို ဖေဖော်ဝါရီ၁ရက် နံနက် ၉နာရီ၈မိနစ်တွင် ရွာမကျောင်းဆရာတော် ဘဒ္ဒန္တကောဝိဒ အမှူးပြုသော ဆရာတော် သံဃာတော်များနှင့် တပည့် ဒါယကာများက ဦးစီးကျင်းပမည်ဖြစ်သည်။ ကိုယ်တိုင် ပါဝင်ကြည်ညိုနိုင်ရန်နှင့် အလှူငွေများကို ရွာမ ဆရာတော် ဘဒ္ဒန္တကောဝိဒနှင့် ဂေါပကအဖွဲ့ထံသို့ လည်းကောင်း၊ ရွှေပြည်သာမြို့ အောင်ဆန်းတောရ ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တသုဇာတ ဖုန်း-၆၁၀၀၅၇ သို့ လည်းကောင်း ဆက်သွယ် ပါဝင်လှူဒါန်းနိုင်ကြရန်အတွက် နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

(၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ယှဉ်ပြိုင်နိုင်ရန် နှိုးဆော်

ရန်ကုန် ဖေဖော်ဝါရီ ၆

၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီက ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ခေတ်မီဘက်စုံတည်ဆောက်ရေးနှင့် ရှုချင်စဖွယ်အမျိုးသားယဉ်ကျေးမှုဟူ၍ ခေါင်းစဉ်နှစ်မျိုးဖြင့် ကျင်းပပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲသို့ ဓာတ်ပုံဝါသနာရှင်တိုင်းသည် ခေါင်းစဉ်တစ်မျိုးလျှင် လေးပုံစီအထိ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင် ရောင်စုံဓာတ်ပုံများကို (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကျင်းပရေးလုပ်ငန်း အဖွဲ့အတွင်းရေးမှူး ဦးသန်းထွန်း၊ဒုတိယညွှန်ကြားရေးမှူး(ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ၂၂-၂၄ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ ဖေဖော်ဝါရီ၁၄ရက် ရုံးချိန်အတွင်း နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။ ဓာတ်ပုံဝါသနာရှင်များအနေဖြင့် အချိန်မီ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြရန် သက်ဆိုင်ရာမှ ကြေညာချက်ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက်
ပြည်ထောင်စုနေ့ပြပွဲ

နေ့ရက် – ၈-၂-၂၀၀၆မှ ၁၆-၂-၂၀၀၆
အချိန် – နံနက် ၀၉း၀၀နာရီမှ ညနေ ၁၇း၀၀နာရီ
နေရာ – တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့။
(မည်သူမဆိုအခမဲ့ လာရောက်ကြည့်ရှုနိုင်ပါသည်။)

မော်ဘီသဲအင်းဂူ တရားစခန်းဖွင့်လှစ်

ရန်ကုန် ဖေဖော်ဝါရီ ၆

ရန်ကုန်တိုင်း မော်ဘီမြို့နယ်ရှိ မူလသဲအင်းဂူဆရာတော်ကြီး စတင်တည်ထောင်ခဲ့သော သဲအင်းဂူ ဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်ကြီးတွင် တစ်နှစ်ပတ်လုံး တရားစခန်းဖွင့်လှစ်ထားရာ တရားစခန်းဝင်လိုသော ယောဂီများသည် လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း-၆၂၀၀၁၉သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။**(က-ပ)**

မရမ်းကုန်းစာပေနှင့်စာနယ်ဇင်းအဖွဲ့ စာပေဟောပြောပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၆

မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ ၁၃၆၇ ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၄ ရက် ည၇နာရီက မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက် ကျောက်ရေတွင်းလေဆိပ်လမ်းတွင် ကျင်းပသည်။

ဟောပြောပွဲတွင် မရမ်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်အုန်းက အဖွင့်အမှာစကား ပြောကြားပြီး မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုး(မောင်ကျေးဖူး)နှင့် အမှတ်(၅)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ဦးဇော်ဝင်းတို့က အမှာစကားပြောကြားသည်။ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးခင်ဇော် (ဦးခင်ဇော်-မရမ်းကုန်း)က မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုဥက္ကဋ္ဌထံမှ ပေးပို့သောသဝဏ်လွှာကို ဖတ်ကြားကာ မဟာသဒ္ဓမ္မဇောတိက ဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာမကြီး ကမ္ဘာလှည့် တင်တင်စိန်အား ဂုဏ်ပြုလက်ဆောင် ပေးအပ်သည်။

ဟောပြောပွဲတွင် စာရေးဆရာမကြီး ယုဝတီခင်စိန်လှိုင်၊ အောင်ဝေးနှင့် ဂျူးတို့က စာပေရေးရာများ ဟောပြောကြသည်။

(က-ပ)

စေတနာရှင်များ လှူဒါန်းနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၆

မကွေးတိုင်း တောင်တွင်းကြီးမြို့ ပညာ့ရောင်ခြည် သီလရှင်စာသင်တိုက်၏ အုတ်တံတိုင်းကာရံခြင်းလုပ်ငန်းကို အလှူရှင်မိသားစုများ၏ မတည်လှူဒါန်းငွေဖြင့်စတင်ဆောင်ရွက်နေပြီဖြစ်သည်။ အခန်း ၂၀၀ တွင် ၅၀ ကျော် လှူဒါန်းပြီးဖြစ်ရာ စေတနာရှင်များက အကျယ် ငါးပေ၊ အမြင့် ငါးပေခွဲအုတ်တံတိုင်း တစ်ခန်းလျှင် ငွေကျပ် နှစ်သောင်းနှုန်းဖြင့် ကမ္မည်းထိုးလှူဒါန်းလိုပါက ရန်ကုန် ဖုန်း-၆၄၂၈၇၈၊ တောင်တွင်းကြီး ဖုန်း-၀၆၃-၅၀၃၀၀၊ ၀၆၃-၆၁၀၆၀၇၊ ၀၆၃-၆၁၀၁၅၅ နှင့် ၀၉၅၁၃၀၈၁၈ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် သပိတ်ကျင်း-တကောင်း-ငါးအိုးလမ်း ဖောက်လုပ်မှုကြည့်ရှု ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲ တက်ရောက်အားပေး

ရန်ကုန် ဖေဖော်ဝါရီ ၆

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်သည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၁ရက် နံနက်ပိုင်းက သပိတ်ကျင်း-တကောင်း-ငါးအိုး လမ်းတစ်လျှောက် ကျောက်ချောလမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရွှေလီတံတား(ငါးအိုး)သို့ ရောက်ရှိကာ တံတားကြွခိုင်ကောင်းမွန်မှုနှင့် လမ်းဘေးဝဲယာ သီးနှံစိုက်ခင်းများ အခြေအနေကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ကြိုးပမ်းဆောင်ရွက်

ဖေဖော်ဝါရီ ၂ရက် မွန်းလွဲပိုင်းတွင် တိုင်းမှူးသည် သပိတ်ကျင်း-တကောင်း လမ်းမိုင်တိုင်အမှတ်(၉/၄)ရှိ စက်ယန္တရားများဖြင့် လမ်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးအဖွဲ့(၁၄)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းမောင်က ရှင်းလင်းတင်ပြပြီး တိုင်းမှူးက သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေးနှင့် အချိန်မီပြီးစီးရေးကြိုးပမ်း ဆောင်ရွက်ရန် မှာကြားသည်။

သပိတ်ကျင်း-တကောင်း-ငါးအိုးလမ်းမှာအရှည် ၁၀၁မိုင် ၂ဖာလုံနှင့် အကျယ် ၁၈ပေရှိ ကတ္တရာလမ်းအဖြစ် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

တကောင်းမြို့ပြည်သူ့ဆေးရုံ

ယင်းနောက် တိုင်းမှူးသည် တကောင်းမြို့ပြည်သူ့ဆေးရုံသို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်လူနာများအား နှုတ်ဆက်အားပေးကာ လိုအပ် သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းမှူးသည် တကောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန ရုံးအစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံရာ ရှေးဦးစွာ သပိတ်ကျင်းမြို့နယ်ဥက္ကဋ္ဌ ဦးသန်းဝင်းက မြို့နယ် အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်း တင်ပြပြီး တကောင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးဝင်းက မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အခြေအနေကို ရှင်းလင်းတင်ပြသည်။

မှာကြား

ဆက်လက်၍ တိုင်းအုပ်ချုပ်ရေးမှူး ဦးကျင်လင်းနှင့်တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနအလိုက် ဆောင်ရွက်မှုအခြေအနေများ ကို အသီးသီး ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေး၍ ဒေသဝမ်းစာဖူလုံရေး၊ ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်း ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ် အောင်မြင်ရေးတို့အတွက် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရေး ရှင်းလင်းမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် တကောင်းမြို့နယ်အတွင်း တကောင်းမြို့ ရိုးဟောင်းများကို လှည့်လည်ကြည့်ရှုပြီး လက်စင်းရာများပါ ပျူအုတ်ချပ်များ နှင့် အမှတ်တံဆိပ်ပါ ပျူမြေအိုးများပြခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှေးဟောင်းသုတေသနဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကြိုင်က လိုက်ပါရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် တိုင်းမှူးသည် သပိတ်ကျင်းမြို့နယ် ပေါက်တပင်ကျေးရွာ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲသို့ တက်ရောက်အားပေးရာ အစီအစဉ်အရ ပေါက်တပင်ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဝင် ဦးချိုတူးနှင့် ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးသောင်းတင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်က ဂုဏ်ပြုအမှာစကား ပြောကြားပြီး တိုင်းမှူးက ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို မီးခလုတ်နှိပ်ဖွင့် လှစ်ပေးပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါဇီဝဓာတ်ငွေ့သုံးလျှပ် စစ်ဓာတ်အားပေးစက်ရုံကိုပြည်သူများ လှူဒါန်းငွေကျပ် ၅၇သိန်း အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ပေါက် တပင်ကျေးရွာရှိ လူနေအိမ်လမ်း၊ ဘုန်းတော်ကြီးကျောင်း၊ စာကြည့်တိုက်များရှိ နှစ်ပေမီးချောင်း ၃၄၀ကို နေ့စဉ်နံနက် ၅နာရီမှ ၆နာရီတစ်ကြိမ်၊ ညနေ၆နာရီမှ ည ၉နာရီခွဲတစ်ကြိမ် လျှပ်စစ်မီးပေးဝေမည်ဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

မြန်မာ့စက်မှု ကုန်ထုတ်လုပ်ငန်းများ ပြည်ပဈေးကွက် ချဲ့ထွင်နိုင်ရေး ညှိနှိုင်းဆွေးနွေး ဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်း အမှာစကားပြောကြား

ရန်ကုန် ဖေဖော်ဝါရီ ၆

မြန်မာ့စက်မှုကုန်ထုတ်လုပ်ငန်းများ၏ ပြည်ပဈေးကွက် ချဲ့ထွင်တင် ပို့နိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၄ရက် မွန်းလွဲ၂နာရီက ရန်ကုန်မြို့ ကုန်သည်လမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နာယက စီးပွား ရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

တက်ရောက်

ညှိနှိုင်းဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်မှ ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာ နိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်နာယက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်းက အဖွင့်အမှာစကား ပြောကြားပြီး ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ဇန်နဝါရီ၁၁ရက်တွင် မြန်မာ့လယ်ယာ ထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၌ ကျင်းပခဲ့သည့် မြန်မာ့စက်မှုကုန်ထုတ် လုပ်ငန်းများ၏ ပြည်ပဈေးကွက် ချဲ့ထွင်တင်ပို့နိုင်ရေးအခန်းကဏ္ဍ အလုပ်ရုံ ဆွေးနွေးပွဲတွင် စာတမ်းရှင်များ၏ တင်ပြချက်များအပေါ် သုံးသပ်တင်ပြသည်။

ဝိုင်းဝန်းဆွေးနွေး

ထို့နောက် အဆိုပါ စာတမ်းရှင်များက ကဏ္ဍအလိုက်အကြံပြုဆွေးနွေး တင်ပြကြပြီး အခမ်းအနား တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေး ကြသည်။ ယင်းနောက် ဆွေးနွေးချက်များအပေါ် ဝန်ကြီးက ပြန်လည်ရှင်းလင်း ဆွေးနွေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စည်းရုံးရေးစွမ်းရည်မြှင့်တင်ရေး သင်တန်းဖွင့်ပွဲကျင်းပ ဗဟိုအတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်း အမှာစကားပြောကြား

ရန်ကုန် ဖေဖော်ဝါရီ ၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ယမန်နေ့ မွန်းလွဲ ၁၂နာရီခွဲတွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး သင်တန်းခန်းမ၌ကျင်းပသည့် စည်းရုံးရေး စွမ်းရည်မြှင့်တင်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၀၆) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

ပေးအပ်လှူဒါန်း

ထို့နောက် အလှူငွေ ပေးအပ် ခြင်း အခမ်းအနားကို ကျင်းပရာမြတံခွန်အောင်သန်းဆုထိဆိုင်ပိုင်ရှင်ဦးဝင်းဖေမြင့် က ငွေကျပ်ငါးသောင်း၊ ချမ်းမြသာစည်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကိုကို ဦးက ငွေကျပ်သုံးသောင်း၊ ချမ်းမြသာစည်မြို့နယ် အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစော ထွန်းဦးက ငွေကျပ်သုံးသောင်းတို့ကို ပေးအပ်လှူဒါန်းကြ သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၄၇ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ တစ်ပတ်ဖြစ်သည်။

သင်တန်းဖွင့်ပွဲ အပြီးတွင် ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းသည် ချမ်းမြသာစည်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ပျိုးထောင်ထားသော ခါ်စည်းရိုး ကြက်ဆူပင်ကိုင်းပျိုးပင် ၁၀၀၀နှင့် မျိုးစေ့ပျိုးပင် ၂၃၀၀တို့ကို ကြည့်ရှုစစ်ဆေးပြီး တစ်အုပ်တစ်မ စိုက်ပျိုး သွားရေး မှာကြားသည်။ ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်း သည် မွန်းလွဲ ၁နာရီခွဲတွင် မန္တလေးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ တွဲဖက် အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ မန္တလေးတိုင်း အတွင်းရှိ ခရိုင်ခုနစ်ခရိုင်နှင့် မြို့နယ် ၃၁မြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး များ၊ အလုပ်အမှုဆောင်များအား တွေ့ဆုံမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လောင်းလုံးမြို့နယ်၌ ကြက်ဆူပင်များ စုပေါင်းစိုက်ပျိုး

ရန်ကုန် ဖေဖော်ဝါရီ ၆

ထားဝယ်ခရိုင် လောင်းလုံးမြို့ နယ် ကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲ ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကဦးစီး၍ ဇန်နဝါ ရီ၂၅ရက် နံနက် ၇နာရီတွင် ကြက်ဆူ ပျိုးပင် ၁၆၀၀ စိုက်ခင်းကို လောင်းလုံး မြို့နယ် မြို့ဟောင်း ကျေးရွာစိုက်ခင်း၌ ကျင်းပရာ အခမ်းအနားသို့ ထားဝယ် ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌကိုယ်စား အဖွဲ့ဝင် (၂) ဒုတိယရဲမှူးကြီးနေထွန်း၊ လောင်း လုံးမြို့နယ်ဥက္ကဋ္ဌ ဦးစိန်လှနှင့် အဖွဲ့ဝင် များ၊ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တောင်သူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြကာ ကြက်ဆူပျိုးပင် များကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။ **(က-ပ)**

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖို့၊ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ(၂)ရက်နေ့အထိ နိုင်ငံအဝန်းတွင်

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်(၄၈၅၄၁)တိုက် ဖွင့်လှစ်ပြီး ဖြစ်ပါသည်။

ကျေးလက်နေ ပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။



ဧရာဝတီတိုင်း မြန်အောင်မြို့ အခြေခံပညာမူလတန်းကျောင်း (တာကြီးတန်း)၏ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၂ ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသော မနှင်းကေဇင်လွင်အား မြို့နယ်ပညာရေးမှူး ဦးအုန်းကြိုင်က ပညာရည်ချွန်ဆုပေးအပ်စဉ်။ (မြို့နယ်ပြန်/ဆက်)

ကမ္ဘာ့တစ်လွှား အားကစား

ချယ်လ်ဆီးကို လီဗာပူးတို့မယှဉ်နိုင်ဘဲ ရှုံးပွဲကြုံရ တော့တင်ဟမ်တို့ အိမ်ကွင်း၌ ချာလ်တန်အသင်းကိုနိုင်ပွဲရ

လန်ဒန် ဖေဖော်ဝါရီ ၆

ပရီမီယာလိဂ်ပွဲစဉ်(၂၅) လက်ကျန်ပွဲစဉ်အဖြစ် ချယ်လ်ဆီးနှင့်လီဗာပူးတို့ ဖေဖော်ဝါရီ ၅ ရက် (တနင်္ဂနွေနေ့)က အကြိတ်အနယ်ယှဉ်ပြိုင်ကစားရာ ချယ်လ်ဆီးတို့ နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီး အိမ်ကွင်းရှုံးပွဲမရှိစံချိန်ကို ဆက်လက်ထိန်းသိမ်းကာ ပရီမီယာလိဂ်ကို ထိပ်ဆုံးမှဦးဆောင်မြဲဦးဆောင်လျက် ရှိနေသည်။

ချယ်လ်ဆီးနှင့်လီဗာပူး

ထိပ်ဆုံးမှပြေးနေသောချယ်လ်ဆီးကို ဖိအားပေးရန်ကြိုးစားခဲ့သည့် လီဗာပူးတို့လည်း စတမ်းဖို့ဒ်ဘရစ်ကွင်း၌ အရေးနိမ့်ခဲ့ရသည်။ ချယ်လ်ဆီးတို့၏ အိမ်ကွင်းရှုံးပွဲ လုံးဝမရှိသောစံချိန်ကို ပယ်ဖျက်ရန်အတွက် လီဗာပူးတို့ တိုက်စစ်၊ ခံစစ်မျှအောင်ကစားခဲ့သော်လည်း ချေပဂိုးတစ်ဂိုးပင် ပြန်မသွင်းနိုင်ခဲ့ချေ။

ပီတာခရော့ချ်၊ စတီဖင်ဝါနော့ခ်၊ ဆစ်ဆကို၊ ရီဆီ၊ ဂျရတ်နှင့် ကီးဝဲလ်တို့က အပေးအယူ မှန်မှန်ဖြင့် ထိုးဖောက်ကစားသော်လည်း တောင့်တင်းသော ချယ်လ်ဆီးနောက်တန်းကို မကျော်လွှားနိုင်ဘဲ ဖြစ်ခဲ့ရသည်။

အဖွင့်ဂိုးရရှိ

ချယ်လ်ဆီးက ရှေ့လယ်နောက် စုစုစည်းစည်း၊ နားလည်မှုရှိရှိဖြင့် ကစားခဲ့ရာ အာဂျန်ရော်ဘင်၊ ခရက်စပို၊ မက်ခီလီလီတို့၏ ထိုးဖောက်ကစားမှုကို လီဗာပူးနောက်ခံလူများ ကြိုးစားဟန့်တားနေရာမှ ပွဲချိန်၃၅ မိနစ်တွင် လီဗာပူးဂိုးဧရိယာအတွင်းမှ ချယ်လ်ဆီးနောက်ခံလူဂါလက်စ်က ဘယ်ခြေဖြင့် အနီးကပ်ကန်သွင်းခဲ့သဖြင့် အဖွင့်ဂိုးစတင်ရရှိသွားခဲ့သည်။

အဖွင့်ဂိုးပေးလိုက်ရသဖြင့်လီဗာပူးတို့ ချေပဂိုးရရှိရေး ကစားအားတင် တိုက်စစ်ဆင်ခဲ့ရာ ပွဲချိန်၃၅မိနစ်တွင် လီဗာပူးနောက်ခံလူ ဂျာမိန်းကာရာဂါက ချယ်လ်ဆီး ဂိုးဧရိယာအစပ်မှ ညာခြေဖြင့် အပြင်း ကန်သွင်းရာ ချယ်လ်ဆီးနောက်ခံလူတစ်ဦးနှင့်ထိပြီး

ပရီမီယာလိဂ် ပွဲစဉ်(၂၅) အဖြစ် တော့တင်ဟမ်နှင့် ချာလ်တန်တို့ပွဲတွင် တော့တင်ဟမ် တိုက်စစ်မှူး ဂျာမိန်းဒီဖိုး(ဝဲ) ထိုးဖောက်ကစားစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အပြင်ထွက်သွားသဖြင့် လီဗာပူးတို့ နစ်နာသွားရသည်။

ပထမပိုင်းလီဗာပူးတို့ ကွင်းလယ်ကစားကွက်ကို မစိုးမိုးနိုင်ဘဲရှိနေရာ ချယ်လ်ဆီးအပေါ် တန်ပြန်တိုက်စစ် အရှိန် ကောင်းကောင်းဖြင့် မကစားနိုင်ခဲ့ချေ။ ဒုတိယပိုင်းတွင်မူ လီဗာပူးတို့ ချေပဂိုးရရှိရေး အပြင်းအထန် ကြိုးစားရာ မိနစ်၅၀တွင် ဂျရတ်ဂိုးရှေ့မှညာခြေဖြင့် အပြင်းကန်သွင်းချက်ကိုချယ်လ်ဆီးဂိုးသမားပီတာချက် ပုတ်ထုတ်လိုက်သဖြင့် ချယ်လ်ဆီးတို့ သက်သာရာရရှိခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်း ၁၅မိနစ်ခန့်သာတွင် လီဗာပူးတို့ တိုက်စစ် အရှိန်မြှင့်တင်နိုင်ခဲ့ရာမှ ကစားအားကျသလိုဖြစ်သွားပြီး ၅၈မိနစ်တွင် ရော်ဘင် ဘယ်ခြမ်းမှ တစ်ဦးတည်းဘောလုံးဆွဲယူလာပြီး လီဗာပူးနောက်ခံလူတစ်ဦးကိုကျော်ကာ ကန်သွင်းချက်လွဲချော်ခဲ့၍လည်း လီဗာပူးတို့ ဂိုးထပ်မပေးရခြင်းဖြစ်သည်။

၁၁ဂိုးမြောက်သွင်းဂိုး

ချယ်လ်ဆီးတို့ ဂိုးထပ်မံရရှိရေး တိုက်စစ်အားမြှင့်တင်ခဲ့ရာမှ ပွဲချိန် ၆၈မိနစ်တွင် ဟာနန်ခရက်စပို ဘယ်ခြမ်းမှ ဘောလုံးဆွဲယူလာပြီး ဘယ်ခြေဖြင့် အပိုင်ကန်သွင်းခဲ့သဖြင့် ချယ်လ်ဆီးတို့ ဒုတိယဂိုးရရှိခဲ့သည်။ ခရက်စပို၏ယခုဂိုးသည် ယခုနှစ်ဘောလုံးရာသီ၌ သူ၏၁၁ဂိုးမြောက် သွင်းဂိုးလည်းဖြစ်သည်။

အနီကတ်ပြ

လီဗာပူးတို့ ချေပဂိုးများပြန်သွင်းယူနိုင်ရေးအတွက် ရီဆီအစား ဂါစီရာ၊ ဆစ်ဆကိုအစား ဆစ်စီတို့ဝင်ရောက်ကစားခဲ့သော်လည်း ထိရောက်သော တိုက်စစ်ဆင်မှုကို မပြုလုပ်နိုင်သည့်အပြင် ပွဲချိန်၈၃မိနစ်၌ လီဗာပူးဂိုးသမားဂျို့စ်ရေးနာ အနီကတ်ပြအထုတ်ခံခဲ့ရသည်။

လီဗာပူးတို့ ၁၀ဦးတည်းနှင့်ကစားခဲ့ပြီး ချေပဂိုးတစ်ဂိုးမျှ မသွင်းနိုင်ဘဲ နှစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရရာ ချယ်လ်ဆီးကို ဖိအား မပေးနိုင်သည့်အပြင် ဒုတိယနေရာမှ မန်ယူနှင့်လည်း အမှတ်ကွာခဲ့ရပြီဖြစ်သည်။

ချယ်လ်ဆီးက ၂၅ပွဲကစား ၆၆မှတ်ဖြင့် ထိပ်ဆုံးမှဆက်လက်ဦးဆောင်

ပရီမီယာလိဂ် ပွဲစဉ်(၂၅) အဖြစ် ချယ်လ်ဆီးနှင့် လီဗာပူးတို့ပွဲတွင် ချယ်လ်ဆီး တိုက်စစ်မှူး ဟာနန် ခရက်စပို(ယာ)လီဗာပူး ဘက်သို့ ဂိုးသွင်းယူလိုက်စဉ်။
(ဓာတ်ပုံ–အင်တာနက်)

နေပြီး လီဗာပူးမှာ ၂၃ပွဲကစား ၄၅မှတ်ဖြင့် တတိယနေရာ၌ ရှိနေသည်။

တော့တင်ဟမ်နှင့်ချာလ်တန်

ခြေစွမ်းထက်နေသော တော့တင်ဟမ်တို့ ချာလ်တန်ကို မိမိကွင်း ဝိုက်ဟတ်လိန်းတွင် ခြေအသာစီးဖြင့် ကစားပြီး အနိုင်ယူနိုင်ခဲ့သည်။ တော့တင်ဟမ်တို့အိမ်ကွင်း၁၃ပွဲကစားခဲ့ရာတွင် တစ်ပွဲသာရှုံးပွဲရှိနေရာ ချာလ်တန်နှင့် ယခုပွဲကိုလည်း ဦးဆောင်ဂိုးများ ဆက်တိုက်သွင်းပြီး အနိုင်ယူခဲ့ခြင်းဖြစ်သည်။

တော့တင်ဟမ် တိုက်စစ်မှူးဖြစ်သည့် ရော်ဘီကိန်း၊ဂျာမိန်းဒီဖိုး၊ လီနွန်နှင့် ဂျာမိန်းဂျီနက်စ်တို့က ချာလ်တန်နောက်တန်းကို ထိုးဖောက်ကစားခဲ့ရာ ပွဲချိန်၁၄မိနစ်မှာပင် တော့တင်ဟမ်တိုက်စစ်မှူးဂျာမိန်းဒီဖိုးက ချာလ်တန် ပယ်နယ်တီဧရိယာအတွင်းမှ အနီးကပ်သွင်းယူခဲ့သဖြင့် အဖွင့်ဂိုး ရရှိခဲ့သည်။

ဒုတိယဂိုးရရှိ

ချာလ်တန်တို့ တန်ပြန်တိုက်စစ်မှ တစ်ဆင့် ချေပဂိုးရရှိရေး ကြိုးစားသော်လည်း ချာလ်တန် တိုက်စစ်မှူးများဖြစ်သည့် ဒါရင်ဘင့်၊ မာကပ်ဘင့်၊ ဆမာတင်နှင့် ရီဒိုစာတင်တို့က ဂိုးသွင်းခွင့်များကို ပိုင်ပိုင်နိုင်နိုင် အသုံးမချနိုင်ခဲ့၍ ချေပဂိုးမရရှိဘဲ ဖြစ်နေရာမှ ၄၁မိနစ်တွင် တော့တင်ဟမ်တိုက်စစ်မှူး ဂျာမိန်းဂျီနက်စ်က ပယ်နယ်တီဧရိယာ အတွင်းမှ ညာခြေဖြင့် အနိမ့်ဘော ကန်သွင်းယူလိုက်သဖြင့် ဒုတိယဂိုးရရှိခဲ့ပြန်သည်။

တော့တင်ဟမ်တို့ ဆက်တိုက်ဖိကစားခဲ့ရာမှ ပွဲချိန် ၄၆ မိနစ်တွင် ဂျာမိန်းဒီဖိုးက ချာလ်တန်ဂိုးဧရိယာ အတွင်း ၁၂ကိုက်အကွာမှ သွင်းယူခဲ့ပြန်သဖြင့် တတိယဂိုးရရှိခဲ့ကာ သုံးဂိုး အသာဖြင့် ဦးဆောင်နေခဲ့သည်။

ဒုတိယပိုင်းတွင် တစ်ရီဆပ်ဗ် အစား ဝင်ရောက် ကစားသည့် သောမတ်စ်က ချာလ်တန်အတွက် ချေပဂိုးတစ်ဂိုးကို မိနစ် ၇၀တွင် ဘယ်ခြမ်းမှဘောလုံး ဆွဲယူလာပြီး ညာခြေဖြင့် အနိမ့်ဘော ကန်သွင်းယူခဲ့သဖြင့် ဂိုးရရှိခဲ့ခြင်းဖြစ်သည်။ ပွဲချိန်ပြည့်သည်အထိ ချာလ်တန်တို့ ချေပဂိုးမသွင်းနိုင်သဖြင့် သုံးဂိုး–တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရကာ အဝေးကွင်း၌ ငါးပွဲမြောက်ရှုံးပွဲကြုံတွေ့ခဲ့ရခြင်း ဖြစ်သည်။

တော့တင်ဟမ်သည် ၂၅ ပွဲကစား ၄၄ မှတ်ဖြင့် စတုတ္ထနေရာတွင်ရှိနေပြီး ချာလ်တန်မှာ၂၃ ပွဲကစား အမှတ် ၃၀ ဖြင့် အဆင့် ၁၃ နေရာ၌ ရှိနေသည်။ **(အင်တာနက်)**

ဂျူဗင်းတပ်စ်တို့နိုင်ပွဲရပြီး ထိပ်ဆုံးမှဆက်လက်ဦးဆောင် အင်တာနိုင်ပြီး အေစီတို့သရေပွဲဖြစ်သည့် စီးရီးအေပွဲစဉ်(၂၃)

ရောမ ဖေဖော်ဝါရီ ၆

စီးရီးအေပွဲစဉ်(၂၃)ကို ဖေဖော်ဝါရီ၅ရက်(တနင်္ဂနွေနေ့)က ဆက်လက်ကစားရာ ထိပ်ဆုံးမှ ဂျူဗင်းတပ်စ်တို့ နိုင်ပွဲရရှိခဲ့သလို ဒုတိယနေရာမှ အင်တာမီလန်လည်း အနိုင်ရရှိခဲ့သဖြင့် တန်းစီဇယား ပထမနှင့် ဒုတိယနေရာများ မပြောင်းလဲဘဲ ရှိနေခဲ့သည်။ သို့သော် တတိယနေရာမှ အေစီမီလန်တို့ သရေပွဲကြုံခဲ့သဖြင့် ထိပ်ဆုံးမှ ဂျူဗင်းတပ်စ်နှင့် ၁၄မှတ် ကွာသွားခဲ့ပြီဖြစ်သည်။

ဂျူဗင်းတပ်စ်နှင့်အူဒီးနီစ်

ဂျူဗင်းတပ်စ်တို့ ပုံမှန်ခြေစွမ်းပြလျက်ရှိရာ အိမ်ကွင်းဒယ်လီအယ်ပီ၌ သရေ ပွဲမရှိ၊ ရှုံးပွဲမရှိ၊ နိုင်ပွဲများ ဆက်တိုက်ရရှိယူသည့်စံချိန်ကို ဆက်လက်ထိန်းထားဆဲဖြစ်သည်။

ဂိုးရရှိအောင်မသွင်းနိုင်

ဂျူဗင်းတပ်စ် တိုက်စစ်မှူး ထရေဇီဂေး၊ မူတူး၊ အီဘရာဟီမိုဗစ်နှင့် ဇမ်ဘရော့တာတို့ နေရာစုံမှထိုးဖောက်မှုကို အူဒီးနီစ်ခံစစ်မှူးများ ကြိုးစားဟန့်တားခဲ့ရသည်။ သို့သော် အူဒီးနီစ်တို့၏ မာမာတင်းတင်းတုံ့ပြန်ကစားမှုကြောင့် ဂျူဗင်းတပ်စ်တို့ ပထမပိုင်း ပွဲချိန်အတွင်း ဂိုးရရှိအောင် မသွင်းနိုင်ခဲ့ချေ။

ထို့အပြင် အူဒီးနီစ်တိုက်စစ်မှူးများဖြစ်သည့် အီကွင်တာ၊ နာတာလီနှင့် ဗီဒီဂယ်တို့ကလည်း ဂျူဗင်းတပ်စ်နောက်တန်းကို အကြိမ်ကြိမ် ခြိမ်းခြောက်ခဲ့သော်လည်း အပိုင်ဂိုးသွင်းခွင့်များကို အကျိုးရှိစွာ အသုံးမချနိုင်မှုကြောင့် ဂိုးမရရှိခဲ့ခြင်းဖြစ်သည်။

၁၀ဦးတည်းနှင့်ကစားခဲ့ရ

ဂျူဗင်းတပ်စ်၏ တစ်ဂိုးတည်းသော အနိုင်ဂိုးကို ပွဲချိန်မိနစ်၇၀တွင် ကာမိုရာနီစီအစား ဝင်ရောက်ကစားသည့် ဒယ်ပီယာရိုက သွင်းယူခဲ့သဖြင့် အနိုင် ရရှိခဲ့ခြင်းဖြစ်သည်။ အူဒီးနီစ်တို့ ချေပဂိုး မသွင်းနိုင်သည့်အပြင် မူတာရီ နှစ်ဝါတစ်နီဖြင့် အထုတ်ခံခဲ့ရသဖြင့် ၁၀ဦးတည်းနှင့် ကစားခဲ့ရရာ ဂျူဗင်းတပ်စ်တို့၏ ထပ်မံဂိုးမသွင်းခံရအောင်ပင် ကစားခဲ့ရသည်။

စီးရီးအေပွဲစဉ်(၂၃)အဖြစ် အင်တာမီလန်နှင့် ချေယေးဗိုတို့ပွဲတွင် အင်တာမီလန်တိုက်စစ်မှူး အက်ဒရီယာနို (ယာ)ထိုးဖောက်ဂိုးသွင်းစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ဂျူဗင်းတပ်စ်တို့ နိုင်ပွဲရရှိသဖြင့် ၂၃ပွဲကစား ၆၂မှတ်ရရှိကာ အူဒီးနီစ်က ၂၃ပွဲကစား ၂၆မှတ်ဖြင့် အဆင့် ၁၁ ၌ ရှိနေသည်။

အင်တာမီလန်နှင့်ချေယေးဗို

မိမိကွင်းဆန်စီရို၌ ကစားသည့်ပွဲကို အင်တာမီလန်တို့ တစ်ဂိုးတည်းဖြင့် ကပ်၍အနိုင်ရရှိခဲ့သည်။ အင်တာမီလန်သည် ချေယေးဗိုကို လူစုံထုတ်ကစားခဲ့သော်လည်း ပွဲအစ ၇ မိမှာပင် တိုက်စစ်မှူးဂျူလီရိုခရစ်ဇ်က အဖွင့်ဂိုး စောစီးစွာသွင်းယူနိုင်ခဲ့သည်။

အင်တာမီလန်၏နာမည်ကြီးအက်ဒရီယာနို၊ ဗီရွန်၊ စတန်ကိုဗစ်၊ ဖီဂိုနှင့် ဂွန်ဇာလက်ဇ်တို့လည်း ထိရောက်သော တိုက်စစ်ဆင်မှုများ ပြုလုပ်ခဲ့သော်လည်း ဆန္ဒစောနေမှုကြောင့် အခွင့်အရေးကောင်းများ ဆုံးရှုံးခဲ့ရသည်။

အကြိမ်ကြိမ်သတိပေးခံရ

သို့သော် အင်တာမီလန်နောက်တန်းမှ နီကိုလပ်၊ ကော်ဒိုဘာတို့ကြောင့်လည်း ဂိုးမပေးခဲ့ရခြင်းဖြစ်သည်။ ချေယေးဗိုတို့ပွဲချိန်တစ်လျှောက်လုံး ချေပဂိုးရရှိရေး ကြိုးစားရာ အဝင်အထွက်ကြမ်းမှုကြောင့် ဒီအင်နာ အဝါကတ်အပြခံရသလို အကြိမ်ကြိမ်သတိပေးမှုခံရသည်။

အင်တာမီလန်တို့ ထပ်မံဂိုးမသွင်းနိုင်ခဲ့သဖြင့် ယင်းတစ်ဂိုးတည်းဖြင့်ပင် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး တန်းစီဇယား၌ ၂၃ပွဲကစား ၅၄မှတ်ဖြင့် ထိပ်ဆုံးမှ ဂျူဗင်းတပ်စ်နှင့် ရှစ်မှတ်ကွာလျက် ဒုတိယနေရာ၌ ရှိနေသည်။

အခြားပွဲရလဒ်များ

လာဇီယို	**၀–၀**	**အေစီမီလန်**
ကယ်ဂလီရာရီ	**၄–၁**	**အမ်ပိုလီ**
ဖီအိုရင်းတီးနား	**၁–၀**	**လက်ချီ**
လီဗော်နို	**၂–၂**	**မက်ဆီနာ**
ရက်ဂျီးနား	**၂–၂**	**ပါလာမို**
ဆမ်ဒိုးရီးယား	**၁–၁**	**ထရီဗီဆို။**

(အင်တာနက်)

မီတာ ၂၀၀ ကမ္ဘာ့ဖလားရေကူးပြိုင်ပွဲ မိုက်ကယ်ဖီလ်လပ်စ် အနိုင်ရဗိုလ်စွဲ

နယူးယောက် ဖေဖော်ဝါရီ ၆

အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ဖေဖော်ဝါရီ ၄ ရက်(စနေနေ့)က ကျင်းပခဲ့သော အမျိုးသားမီတာ ၂၀၀ အလွတ်တန်း ရေကူးပြိုင်ပွဲ၌ မိုက်ကယ်ဖီလ်လပ်စ်က အနိုင်ရ ဗိုလ်စွဲခဲ့သည်။

မိုက်ကယ်ဖီလ်လပ်စ်သည် မီတာ ၂၀၀ အလွတ်တန်းရေကူးပြိုင်ပွဲ၌ စံချိန် ၁ မိနစ် ၅၅ ဒသမ ၂၈ စက္ကန့်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ သူသည် မီတာ ၁၀၀ နှင့် မီတာ ၄၀၀ အလွတ်တန်းရေကူးပြိုင်ပွဲများတွင်လည်း ဝင်

နယူးယောက်မြို့တွင် ကျင်းပသည့် မီတာ ၂၀၀ ကမ္ဘာ့ဖလား ရေကူးပြိုင်ပွဲ၌ အနိုင်ရဗိုလ်စွဲသွားသည့် မိုက်ကယ်ဖီလ်လပ်စ်၏ ပြိုင်ပွဲဝင်ဟန်။
(ဓာတ်ပုံ–အင်တာနက်)

ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ရွှေတံဆိပ်ဆွတ်ခူးနိုင်မည်ဟု မျှော်မှန်းထားသည်။

မိုက်ကယ်ဖီလ်လပ်စ်သည် ပြီးခဲ့သည့် အေသင်အိုလံပစ်ရေကူးပြိုင်ပွဲ၌ မီတာ ၂၀၀ နှင့် မီတာ ၄၀၀ အလွတ်တန်း ရေကူးပြိုင်ပွဲတွင် ကမ္ဘာ့စံချိန်တင်ပြီး ရွှေတံဆိပ်ရရှိထားသူ ဖြစ်သည်။

ယခုမီတာ ၁၀၀နှင့် မီတာ ၄၀၀ အလွတ်တန်းရေကူးပြိုင်ပွဲ၌ ယခင်ကမ္ဘာ့ရွှေတံဆိပ်ဆုရှင်များဖြစ်သော ဘရင်ဒမ်ဟန်ဆန်နှင့် နီလ်ဝေါကာရို့နှင့် အကြိတ်အနယ်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

သို့သော် မိမိအနေဖြင့် အကောင်းဆုံးအနေအထားတွင်ရှိနေပြီး အောင်မြင်မှုများ ဆက်တိုက် ရရှိမည်ဟု ယုံကြည်နေကြောင်း၊ မိမိ၏ကြိုးစားမှုရလဒ်များကို မကြာမီတွေ့မြင်ရမည်ဖြစ်ကြောင်းလည်း ၎င်းကဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြော မီးသတ်ယာဉ်အနေအထားကြည့်ရှုစစ်ဆေး

မန္တလေး ဇန်နဝါရီ ၂၀

ပူပြင်းခြောက်သွေ့သော နွေရာသီတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မန္တလေးတိုင်း မီးသတ်ဦးစီးဌာနမှ မြို့နယ်များ၊ ရပ်ကွက်များသို့ ကွင်းဆင်းစစ်ဆေးပြီး ပညာပေး ဟောပြောခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၈ ရက်က မန္တလေးတိုင်း မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ရဲကျော်သူ ရဲသူရသန်းကျော်ကျော်သည် ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးမြသန်းနှင့် ချမ်းအေးသာစံမြို့နယ် မီးသတ်တပ်ဖွဲ့ ဒုတိယတပ်ရင်းမှူး ဗိုလ်မင်းလိုက်ပါလျက် သီရိဟေမာအရှေ့ အရန်မီးသတ်စခန်းကို ကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ ဒုတိယညွှန်ကြားရေးမှူးသည် စခန်းအစည်းအဝေးခန်းတွင် မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို တွေ့ဆုံပြီး မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ပြောကြားရာ ရပ်ကွက်တာဝန်ရှိသူများက မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်မှုများကို မြေပုံကားချပ်နှင့် တကွ ရှင်းလင်းပြသသည်။ **(ဝဲပုံ)**

ထို့နောက် မီးသတ်ယာဉ်တောင့်တင်းခိုင်မာမှုနှင့် အသင့်အနေအထား ရှိမရှိ စက်နှိုး၍ ကြည့်ရှုစစ်ဆေးကြသည်။ **(၁၆၂)**

နွေစပါးစိုက်ပျိုး

ကျိုင်းတုံခရိုင် မိုင်းခတ်မြို့နယ် မိုင်းနွန်းကျေးရွာအနီး နွေစပါးစိုက်ပျိုးဆောင်ရွက်မှုကို ဒီဇင်ဘာ ၁၇ရက်က နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးသိန်းဦး၊ ကျိုင်းတုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်မင်း ဦးစီးသော ခရိုင်စိုက်/ကြပ်အဖွဲ့ဝင်များ စစ်ဆေးကြစဉ်။

(ခရိုင် ပြန်/ဆက်)

စာပေဟောပြောပွဲ မကွေးမြို့၌ကျင်းပ

မကွေး ဇန်နဝါရီ ၃၁

မကွေးမြို့နယ် ဆားတိုင်ကန်ကျေးရွာအုပ်စု ဝါဂွမ်းကျေးရွာ၌ စာပေဟောပြောပွဲကို ဇန်နဝါရီ၂၁ရက် ည၇ နာရီက ကျင်းပရာ ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့်အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် စာပေဝါသနာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးဝင်းအောင်က အမှာစကား ပြောကြားပြီး ဒေသခံ စာရေးဆရာများဖြစ်ကြသည့် မကွေးဝင်းမြင့်၊ မကွေးလှမြင့်၊ မြန်မာပြည် ဆရာဟိန်းနှင့် မောင်(မကွေး)တို့က စာပေရေးရာများကို ဟောပြောကြသည်။

ထို့နောက် ဟောပြောပွဲအပြီးတွင် တိုင်းရင်းဆေးဆရာ ဦးသိုက်ထွန်းနှင့် ရွာတာဝန်ခံ ဦးနှင်းအောင်တို့က စာရေးဆရာများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြကြောင်း သိရသည်။ **(၃၈၃)**

ကျောက်တံခါးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြင့်ကြည်နှင့် အဖွဲ့ဝင်များ၊ တိုင်းရင်းဆေးဆရာ၊ ဆရာမများ စုပေါင်း၍ တိုင်းရင်းဆေးပညာသင်တန်းဖွင့်ပွဲကိုကျင်းပပြီး ဇန်နဝါရီ ၇ရက်က ရင်းတိုက်ကုန်းကျေးရွာတွင် လူနာပေါင်း ၁၅၆ ဦးကို အခမဲ့ဆေးကုသပေးစဉ်။

(မြို့နယ် ပြန်/ဆက်)

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းနှင့်အဖွဲ့ ဇန်နဝါရီ ၅ ရက်က ပေါက်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော အမှတ်(၃)ရပ်ကွက် မြို့ပတ်လမ်း ကျောက်ချော ခင်းခြင်းလုပ်ငန်းကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ် စည်ပင်)

အ မြို့မြို့ အနယ်နယ် သတင်း

တမူး အောင်မင်္ဂလာလမ်းနှင့် ကံ့ကော်လမ်း ကတ္တရာလမ်းသစ်ဖွင့်

တမူး ဇန်နဝါရီ ၂၀

တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅-၂၀၀၆ ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော အောင်မင်္ဂလာလမ်းနှင့် ကံ့ကော်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၄ ရက်က အဆိုပါလမ်းသစ် မုခ်ဦးများရှေ့၌ ကျင်းပကြသည်။

ဖွင့်လှစ်

အခမ်းအနားတွင် အောင်မင်္ဂလာလမ်း ကတ္တရာလမ်းသစ်ကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းဇော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းညွန့်နှင့် အောင်မင်္ဂလာလမ်းကော်မတီမှ ဦးထွန်းရီတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ကံ့ကော်လမ်း ကတ္တရာလမ်းသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးဝင်းနိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ (၂) ဦးတင့်လွင်ဦးနှင့် ကံ့ကော်လမ်းကော်မတီမှ ဦးဝိုင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အထိမ်းအမှတ်

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် လမ်းကော်မတီများသို့ ဖွင့်ပွဲအထိမ်းအမှတ် အလံများ ပေးအပ်ကြကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

ဇီဝဒီဇယ်ဆီအစားထိုး လောင်စာအသုံးပြု စက်ရေတွင်းနှင့်လက်တွန်းထွန်စက် မောင်းနှင်ပြသ

စလင်း ဖေဖော်ဝါရီ ၂

စလင်းမြို့နယ် မောင်ကော့ကန်ကျေးရွာတွင် ခြံစည်းရိုးကြက်ဆူစေ့မှ ဇီဝဒီဇယ်ဆီအစားထိုး လောင်စာအဖြစ်အသုံးပြု၍ ကျေးလက်ရေပေးရေး စက်ရေတွင်းများတွင် ရေတင်စက်များအားလည်းကောင်း၊ လယ်ယာ-၁၆ လက်တွန်းလယ်ထွန်စက်များတွင်လည်းကောင်း မောင်းနှင်သရုပ်ပြသပွဲကို ဇန်နဝါရီ ၂၄ ရက်က အဆိုပါကျေးရွာတွင် ကျင်းပသည်။

သရုပ်ပြသပွဲတွင် စလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးစိုးဝင်းက ဒေသခံပြည်သူများအား ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးခြင်း၊ ကြက်ဆူစေ့မှ ဒီဇယ်အစားထိုး ခြံစည်းရိုးကြက်ဆူဆီအဖြစ် အသုံးပြုမှုများကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် ခြံစည်းရိုးကြက်ဆူဆီဖြင့် မောင်ကော့ကန်ကျေးရွာတွင် နှစ်လက်မစက်ရေတွင်းနှင့် လယ်ယာ-၁၆ လက်တွန်းထွန်စက်များကို လက်တွေ့မောင်းနှင်သရုပ်ပြသကြကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

ပေါင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီစည်းဝေး၊ အမှုဆောင်သစ်ရွေးချယ်

ပေါင် ဇန်နဝါရီ ၃၁

ပေါင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီအစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃ ရက် နံနက် ၁၀ နာရီက ပေါင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေး ခန်းမတွင် ကျင်းပသည်။

ဖတ်ကြားတင်ပြ

အခမ်းအနားတွင် သဘာပတိ ဦးသိန်းဟန်(သိန်းဟန်-သထုံ)နှင့်ပေါင်မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ဝေ (မောင်စိမ်းညို-ပေါင်)တို့က အမှာစကား ပြောကြားကြပြီး အမှုဆောင်အဖွဲ့၏ အစီရင်ခံစာ၊ ဘဏ္ဍာရေးအခြေအနေကို အတွင်းရေးမှူး ဦးအောင်မြင့် (ဘုန်းပွင့်ထွန်း-မွန်ပြည်နယ်)က ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ ပေါင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ အမှုဆောင်သစ်များကို ရွေးချယ်တင်မြှောက်ကြရာ ဥက္ကဋ္ဌ ဦးခင်မောင်ဝေ (မောင်စိမ်းညို-ပေါင်)၊ အတွင်းရေးမှူး ဦးအောင်မြင့်(ဘုန်းပွင့်ထွန်း-မွန်ပြည်နယ်)တို့ ပါဝင်သော အမှုဆောင်အဖွဲ့ဝင် ငါးဦးကို ရွေးချယ်တင်မြှောက်ကြပြီး စာပေညီလာခံ ကိုယ်စားလှယ်အဖြစ် ဦးခင်မောင်ဝေ(မောင်စိမ်းညို-ပေါင်) အားရွေးချယ်ကြသည်။ အခမ်းအနားအပြီးတွင် ၁၃၆၇ ခုနှစ် (စာဆိုတော်နေ့)အထိမ်းအမှတ် ကဗျာရွတ်ဆိုပွဲကို ကျင်းပရာ မောင်မြေရိုင်း(မုတ္တမ)၊ ဘုန်းပွင့်ထွန်း(မွန်ပြည်နယ်)၊ မောင်ဦး(ဥတ္တံတား)၊ ပေါပစ်ပီ (မုတ္တမ)၊ ပန်းသစ်မွန်(ရာမည)နှင့် ငှက်တောင်ပျံ(ဇင်းကျိုက်)တို့က ကဗျာများ ရွတ်ဆိုကြသည်။ **(၂၆၀)**

မြဝတီမြို့ အမှတ်(၂)ရပ်ကွက် ကျွန်းတောကွက်သစ် အမှတ်(၄)လမ်းအား ကိုယ့်အားကိုယ်ကိုး ကျောက်ရော မြေခင်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အငယ်တန်းအင်ဂျင်နီယာ (၂) ဦးကျော်သန်း ဆောင်ရွက်ရာ ဇန်နဝါရီ ၁၂ရက်က အမှုဆောင်အရာရှိဦးကျော်သူလတ်နှင့်တာဝန်ခံ အင်ဂျင်နီယာ ဦးငွေစိုးတို့ ကွင်းဆင်းကြီးကြပ်ပေးစဉ်။

(မြို့နယ် စည်ပင်)

မအီမြို့တွင် ရတနာလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဆောင်ရွက်မှုကို ဇန်နဝါရီ ၁၂ရက်က တောင်ကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဇော်နိုင်လင်း ကွင်းဆင်းစစ်ဆေးရာ မြို့တာဝန်ခံ ဦးကျော်ဝင်းနိုင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးတင်မောင်ဦးက ရှင်းလင်းပြသစဉ်။ (မြို့နယ် စည်ပင်)

ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ကြီးမှူး
ခုခံအားကျဆင်းမှု တားဆီးကာကွယ်ရေး လေ့ကျင့်ဆွေးနွေးပွဲကျင်းပ

ဟားခါး ဇန်နဝါရီ ၁၀

ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော ခုခံအားကျဆင်းမှု ကူးစက်ရောဂါတားဆီးကာကွယ်ရေးဆိုင်ရာ လေ့ကျင့်ဆွေးနွေးပွဲ ဆင့်ပွားအမှတ်စဉ် (၃/၂၀၀၅)ကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၉ နာရီခွဲက ဟားခါးမြို့ အခြေခံပညာအထက်တန်းကျောင်းအမှတ်(၂) ဗိုလ်ကြွန်ဘိခ်အားကစားရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါက်တာ ဒေါ်ခင်စောမူ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရွယ်ဂျာနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် သင်တန်းသူ ၁၀၄ ဦးတက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရွယ်ဂျာက အဖွင့်အမှာစကားပြောကြားပြီး ခုခံအားကျဆင်းမှု ကူးစက်ရောဂါကူးစက်ပြန့်ပွားမှု အခြေအနေကို လည်းကောင်း၊ ကူးစက်ရောဂါကူးစက်ပုံ၊ ကာကွယ်ပုံနှင့် ပြုစုစောင့်ရှောက်ပုံကို ပြည်နယ်ကျန်းမာရေး ဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိုင်လှောန်ဘောရ်က လည်းကောင်း၊ ချင်းပြည်နယ်တွင် ဆောင်ရွက်နေသည့် ခုခံအားကျဆင်းမှုကူးစက် ရောဂါ တားဆီးကာကွယ်ရေး လုပ်ငန်းများကို သူနာပြု(အငြိမ်းစား) ဒေါ်ငွန်လှဲက လည်းကောင်း၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါကာကွယ်တားဆီးရေး ပညာပေးခြင်းကို မူလတန်းကြိုဆရာမ ဒေါ်ရွှေလှောန်းကလည်းကောင်း လေ့ကျင့်ဆွေးနွေး ဆင့်ပွားပို့ချကြသည်။ **(ခရိုင် ပြန်/ဆက်)**

ပျော်ဘွယ်မြို့နယ်အဆင့် ကျောင်းသားပွဲတော်ဖွင့်
ထူးချွန်ကျောင်းသားများ ဂုဏ်ပြုဆုချီးမြှင့်

ပျော်ဘွယ် ဇန်နဝါရီ ၃၁

ပျော်ဘွယ်မြို့နယ်တွင် မြို့နယ်အဆင့်ကျောင်းသားပွဲတော်ဖွင့်ပွဲကို အထက(၁) ခန်းမ၌ ဇန်နဝါရီ ၃ရက် နံနက်၉နာရီက ကျင်းပသည်။

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်လှမြင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂) ဦးခင်မောင်ဝင်း၊ မြို့နယ်ပညာရေးမှူးဦးကျော်ခင်၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ကျောင်းအကျိုးဆောင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်လှမြင့်**(အပေါ်ပုံ)**၊ မြို့နယ်ပညာရေးမှူးဦးကျော်ခင်တို့က အမှာစကားများ ပြောကြားကြသည်။ ထို့နောက် ထူးချွန်ဆုရမြို့နယ်အဆင့် ဆုရရှိကြသော ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(၂၅၀)**

ပေးအပ်လှူဒါန်း

ပုသိမ်မြို့ အမှတ်(၄) ရပ်ကွက် ဘူတာရုံလမ်း ရွှေပြည်တော် ရပ်ရှင်ရုံအောက်ရှိ မေတ္တာရိပ် ကျန်းမာရေးကူညီစောင့်ရှောက်မှု အဖွဲ့သို့ စေတနာရှင်များ စုပေါင်းလှူဒါန်းသော ငွေကျပ် သုံးသိန်းသုံးသောင်း ရှစ်ထောင်နှစ်ရာ့ငါးဆယ်ကို အလှူရှင်များကိုယ်စား ဦးသက်နောင် (ပန်းချီ)ကပေးအပ်လှူဒါန်းရာ ဥက္ကဋ္ဌ ဦးထွန်းသန်း၊ အတွင်းရေးမှူးဦးဇော်ထွန်းခိုင်၊ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းနှင့် အလုပ်အမှုဆောင်အဖွဲ့က လက်ခံယူကြစဉ်။ (က-ပ)

ကျန်းမာရေးအကြောင်း
သိကောင်းစရာဟောပြော

ညောင်ရွှေ ဇန်နဝါရီ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း)ညောင်ရွှေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ဇန်နဝါရီ ၁ရက်က ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပရာ ရှေးဦးစွာမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဖြူဖြူရှိန်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေး ကြီးကြပ်မှုကော်မတီ တွဲဖက်အတွင်းရေးမှူးဒေါက်တာမျိုးမင်းက ကျန်းမာရေးအကြောင်း သိကောင်းစရာများ ဟောပြောသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ရပ်ကွက်၊ ကျေးရွာဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(ဝ၂၇)**

အင်းစိန်မြို့ အင်းစိန်ဈေးကြီးနှင့် လဟာပြင် ဈေးသူဈေးသားများက ဒီဇင်ဘာလအတွက် အလှူငွေကျပ် ၂၂၇၀၀၀ ကို အင်းစိန်မြို့ ကွက်သစ်မာလာရာမ ဘုန်းတော်ကြီးကျောင်းဝင်းရှိ စိန်ရတနာနာရေးကူညီမှုအသင်းသို့ စုပေါင်းလှူဒါန်းရာ အသင်းနာယက၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ဘဏ္ဍာရေးမှူးဦးမြင့်ရှိန်တို့က လက်ခံရယူစဉ်။ (က-ပ)

ကြက်ဆူဆီဖြင့် စက်ရေတွင်း လက်တွေ့မောင်းနှင်သရုပ်ပြ
ကျေးလက်ရေပေးရေးလုပ်ငန်း အထောက်အကူပြု

ပခုက္ကူ ဖေဖော်ဝါရီ ၂

ပခုက္ကူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးသောင်းအေး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်တင်နှင့်အဖွဲ့သည် ဇန်နဝါရီ ၂၇ ရက်က ပခုက္ကူမြို့နယ် ပေါင်လောင်ကန်(မြောက်)ကျေးရွာတွင် ကျေးရွာရှိ စက်ရေတွင်းကို ဒီဇယ်ဆီအစား ကြက်ဆူဆီဖြင့် မောင်းနှင်ခြင်း လက်တွေ့သရုပ်ပြပွဲကို ကျင်းပသည်။

ကြည့်ရှု

ထို့နောက်သရုပ်ပြပွဲတွင်ပန်းတိုင်းခြုံကျေးရွာ၊ ကြီးရွာနှင့် ကျွဲတဲကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြည့်ရှုကြသည်။

ရှင်းလင်း

ထို့နောက်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များသည် ကြက်ဆူပင်များ တစ်အုပ်တစ်မစိုက်ပျိုးရေး၊ ကြက်ဆူဆီဖြင့် ကျေးလက်ရေပေးရေးလုပ်ငန်း အထောက်အကူပြုလာမည့် အခြေအနေကို ရှင်းလင်းဆွေးနွေးကြသည်။

အဆိုပါ စက်ရေတွင်းမှာ ကြက်ဆူဆီဖြင့် စမ်းသပ်မောင်းနှင်ခြင်းဖြစ်ပြီး ဒီဇယ်ဆီအသုံးပြု၍ မောင်းနှင်သည့်နည်းတူ တစ်နာရီလျှင် ရေဂါလန် ၁၂၀၀ နှုန်း ထွက်ရှိကြောင်းသိရသည်။ **(မြို့နယ် စည်ပင်)**

ကောလင်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့
မျက်နှာစုံညီစည်းဝေး၊ အမှုဆောင်သစ်ရွေးချယ်

ကောလင်း ဇန်နဝါရီ ၂၀

ကောလင်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ၂၀၀၅ ခုနှစ် မျက်နှာစုံညီ အစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲသို့ ဒီဇင်ဘာ ၁၅ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂) ဦးကျော်ဝင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးဦးစိန်မြင့်၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌဦးခင်မောင်ညိမ်း(မြန်ဂုဏ်ဆောင်)၊ အတွင်းရေးမှူးဦးမြင့်အောင်(သိန်းကျော်မြင့်-ကောလင်း)နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထို့နောက်ရွေးချယ်တင်မြှောက်ပွဲကို ဆက်လက်ကျင်းပရာ ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း(မြန်ဂုဏ်ဆောင်)၊ အတွင်းရေးမှူးဦးမြင့်အောင်(သိန်းကျော်မြင့်-ကောလင်း)၊ ဘဏ္ဍာရေးမှူးဦးနေဦး(ကိုနေ-ကောလင်း)တို့ ပါဝင်သော အမှုဆောင်အဖွဲ့နှင့် စာပေညီလာခံကိုယ်စားလှယ်အဖြစ် ဦးခင်မောင်ညိမ်း(မြန်ဂုဏ်ဆောင်)အား ရွေးချယ်တင်မြှောက်ကြသည်။ **(ဝ၂၆)**

ဇန်နဝါရီ ၇ရက်က စေတုတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမိုးဇော်အောင်နှင့် ဒေသအရန်မီးသတ်တပ်ခွဲမှူး ဦးခင်မောင်သိန်းတို့ မြို့မဈေးမီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုကို ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ် စည်ပင်)

ကျောက်ကြီးမြို့နယ်၌
ပန်းအလှပင်များစိုက်ပျိုး

ကျောက်ကြီး ဇန်နဝါရီ ၁၅

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုလေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မြင့်တို့သည် ဒီဇင်ဘာ ၁၇ရက်က ကျောက်ကြီးမြို့ သိမ်တန်းရပ်ကွက် တြိဂံလမ်းဆုံ ပန်းဥယျာဉ်၌ ပန်းအလှပင်များ စိုက်ပျိုးခြင်းနှင့် ရောင်စုံလျှပ်စစ်မီးများ တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သိရသည်။ **(၂၁၁)**

ကျောက်မဲမြို့နယ် စည်ပင်သာယာ ရေးအဖွဲ့ ဗဟိုဈေး ကြီး အတွင်း လူသွား လမ်းများ ကွန်ကရစ် ခင်း ပြုပြင်မှုကို ဇန်နဝါရီ ၁၀ရက်က အမှုဆောင်အရာရှိ ဦးသက်ထွန်း နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်လင်းမောင်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။
(နယ်စပ်/စည်ပင်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေး

ရန်ကုန် ဖေဖော်ဝါရီ ၆

၂၀၀၅ ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၆ နာရီတွင် မန္တလေးမြို့ ရေတံခွန်တောင်ဂေါက်ကွင်း (Yedagun Taung Golf Resort)၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးပြီး ပါဝင်ကစားသည်။

တက်ရောက်

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ ဝန်ကြီးဌာနအသင်းများ၊ တရားရုံးချုပ်အသင်း၊ ရှေ့နေချုပ်ရုံးအသင်း၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့အသင်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအသင်းတို့ အပါအဝင် ပြိုင်ပွဲဝင်အသင်းပေါင်း ၃၃ သင်းတို့မှ ဂေါက်သီးရိုက်အားကစားသမားများ တက်ရောက်ကြသည်။

အစီအစဉ်အရ ဂေါက်သီးရိုက် ပြိုင်ပွဲဝင်အသင်း ၃၃ သင်းတို့မှ ဂေါက်သီးရိုက် အားကစားသမားများသည် ၂၀၀၅ ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပမည့် သတ်မှတ်နေရာအသီးသီးတို့၌ နေရာယူကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ●

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၅ ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက် ပြိုင်ပွဲ အသင်းလိုက်(အကျော့ပေး)ပြိုင်ပွဲ ပထမနှင့် အသင်းလိုက်(အကျော့မဲ့)ပြိုင်ပွဲ ပထမ ဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာန အသင်းခေါင်းဆောင်အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဆုဖလားကြီးကို ပေးအပ်ချီးမြှင့်စဉ်။
(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဆွတ်ခူးရရှိသွားသော ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ အားကစားသမားများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။
(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ပြည်ထောင်စုနေ့ပြခန်း ခင်းကျင်း ပြသမှုအကြိုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း လိုက်ပါလျက် ယနေ့နံနက် ၇ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမသို့ ရောက်ရှိလာရာ ၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ပြန်ကြားရေးဆပ်ကော်မတီနှင့် ပြခန်းခင်းကျင်းပြသရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဗဟိုပြကွက်ကြည့်ရှု

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ပြခန်း၏ ဗဟိုပြကွက်ကိုကြည့်ရှုရာ ပြန်ကြားရေးဆပ်ကော်မတီနှင့် ပြခန်းခင်းကျင်းပြသရေးဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ပြခန်းအတွင်း ပြသထားသော ဝန်ကြီးဌာနပြခန်းများ၊ ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဖွား တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုပြကွက်များ၊ ကွန်ပျူတာဉာဏ်စမ်းပဟေဠိနှင့် Soft Guide Language Lab ပြခန်းတို့ကို လှည့်လည်ကြည့်ရှုရာ သက်ဆိုင်ရာပြခန်းတာဝန်ခံများက ရှင်းလင်းပြသကြပြီး ပြခန်းမှ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး